# အခြေခံဉာဏ်(၂)ပါး

နှင့်

# အနတ္တအမြင်



ဒေါက်တာစိုးလွင်(မန္တလေး)

၁

“ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ”

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ဤဓမ္မစာစုဖြင့်
ရှိသေစွာ ကန်တော့ပါ၏။

# အခြေခံဉာဏ်(၂)ပါး
# နှင့်
# အနတ္တအမြင်

ဒေါက်တာစိုးလွင် (မန္တလေး)

‘ဝိသုဒ္ဓိမဂ်’
ဓမ္မလမ်း ဝိပဿနာသင်တန်းအတွက်
ကောက်နုတ်ပြုစုထားခြင်းဖြစ်သည်။

## “ အမှာစကား ”

အခြေခံဉာဏ်နှစ်ပါးနှင့်အနတ္တအမြင်စာအုပ်သည် ဗုဒ္ဓ၏ဝိပဿနာ ရှုပွားပုံကို ရှုဒေါင့်အစုံမှ သာမန်လူအများ နားလည်အောင် ကျင့်သုံးပုံ ကျင့်သုံးနည်းကို တင်ပြထားတာတွေ့ရပါသည်။ လက်တွေ့နှင့်ဒေသနာ ပေါင်းစပ်တင်ပြထားခြင်းဖြစ်သည်။ တစ်ချို့အပိုင်းများ၌ မရင့်ကျက်သေး သူများအတွက် ရေးသားထားချက်များကို ရင့်ကျက်ပြီးသူများက အတွင်း နှိုက်ယူရမည့် အချက်များပါရှိသည်ကိုလည်း တွေ့ရသည်။ ဥပမာ ဥပါဒါနပစ္စယာကမ္မဘဝ ရှင်းချက်အခန်းမှာ ကံချုပ်လိုလျှင် ဥပါဒါန်ကို ပယ်ရပေမည်ဟု ရေးသားထားမှုသည် ဥပါဒါန်ကိုဖြစ်စေသော တဏှာကို ပယ်ရမည်အထိ ယူရပေမည်။ သို့သော် တဏှာ၏သဘောသည် သိမ်မွေ့ သောကြောင့် စာပေနှင့်အလှမ်းဝေးသော သာမန်လူအများ နားလည် သဘောပေါက်နိုင်သည့် လက်တွေ့ဘဝနှင့်စပ်ဟတ်သော စွဲလမ်းမှု ဥပါဒါန်ကို စာရေးသူအနေဖြင့် ဖေါ်ပြလိုခြင်းဖြစ်ဟန်တူပါသည်။ ထို့အတူ ကာယကံ၊ ဝစီကံ၊ မနောကံတို့တွင်လည်း ဥပါဒါန်ကို သတိပြုမိအောင် တင်ပြထားပုံ တို့မှာလည်း ပဋိစ္စသမုပ္ပါဒ်ဒေသနာနှင့် လက်တွေ့ဘဝတို့ကို ဆက်စပ်နိုင်အောင် ကြိုးစားတင်ပြထားသည်ကို တွေ့ရသဖြင့် လက်တွေ့နှင့် ဒေသနာပေါင်းစပ် ထားသော ဓမ္မစာအုပ်ဖြစ်ပါသည်။

ဦးဇောတိက
ဓမ္မာစရိယ၊ အမ်အေ (သီရိလင်္ကာ)
အပြည်ပြည်ဆိုင်ရာအဘိဓမ္မာတက္ကသိုလ်
ကထိက
(ရန်ကင်းတောင်ဆရာတော်)

## " အခြေခံဉာဏ် (၂)ပါး နှင့် အနတ္တအမြင် "

တရားစတင်အားထုတ်သူသည် အခြေခံဉာဏ် (၂)ပါးဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ကို ပထမဆုံး ထူထောင်ရပေမည်။ နာမရူပသည် နာမ်ရုပ်ဖြစ်၍ ပရိစ္ဆေဒသည် ပိုင်းခြားခြင်းဖြစ်ပြီး ဉာဏ်သည် သိခြင်းဖြစ်သည်။ နာမ်ရုပ်ကို ပိုင်းခြား၍သိသောဉာဏ်ဖြစ်သည်။ ပစ္စယသည် အကြောင်းဖြစ်၍ ပရိဂ္ဂဟသည် သိမ်းဆည်းခြင်းဖြစ်သည်။ရုပ်နာမ်တို့၏အကြောင်းတရားတို့ကို သိမ်းဆည်းတတ်သောဉာဏ်ဖြစ်သည်။ ၎င်းဉာဏ် (၂)ပါးတို့သည် ဝိပဿနာ၏ အခြေခံသဘောတရားများ ဖြစ်ကြပါသည်။

ဗုဒ္ဓဝါဒသည် အနတ္တဖြစ်သောကြောင့် အတ္တအမြင်နှင့် လုံးဝ ဆန့်ကျင်ဖက်ဖြစ်ပါသည်။ အနတ္တသည် ဘုရားရှင်ပွင့်တော်မူမှသာ သိခွင့်ရသောတရားဖြစ်သည်။ မိမိသဘောဖြင့် မသိနိုင်ပါ။ ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ဆရာ၏ညွှန်ပြမှုဖြင့်သာ နားလည်သဘောပေါက်ပြီးမှ ကိုယ်တိုင် မျက်မှောက်ပြု သိမြင်နိုင်ရန် ပွားများ အားထုတ်ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် အနတ္တအမြင်ကို အရင်ဆုံး သဘောပေါက် နားလည်အောင် သင်ယူလေ့လာ နှလုံးသွင်းပါက ဝိပဿနာအားထုတ်ရာတွင် များစွာ အထောက်အပံ့ကောင်းများရပေမည်။ သို့မဟုတ်ပါက တရားအားထုတ်တာလည်း ငါဖြစ်၍ သိခွင့်ရသောတရားတို့ကိုလည်း ငါ့ဥစ္စာအဖြစ် စွဲယူသိမ်းပိုက်နေပေမည်။

ထို့ကြောင့် ဝိပဿနာ၏အခြေခံဉာဏ် (၂)ပါးနှင့် အနတ္တအမြင်ကို ကောင်းစွာသိမြင်သောသူသည် အားကောင်းသော ဝိပဿနာဉာဏ်များ အဆင့်ဆင့်မြင့်တက်ကာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပေမည်။

ဒေါက်တာ စိုးလွင် (မန္တလေး)

# ဒေါက်တာ စိုးလွင် (မန္တလေး)

- ၁၉၅၈ ခုနှစ် ဇွန်လ (၃) ရက် အင်္ဂါနေ့တွင် မန္တလေးမြို့၌ အဖ ဦးသန်းအောင် အမိ ဒေါ်ဝင်းမေတို့မှ မွေးဖွားသည်။

- ၁၉၇၅ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို မန္တလေးမြို့ အမှတ် (၉) အထက (ယခင် စိန့်ပီတာ)မှ အောင်မြင်သည်။

- ၁၉၇၆-၈၂ စာသင်နှစ်တွင် ဆေးတက္ကသိုလ် (မန္တလေး) ၌ တတ်ရောက်သင်ကြား၍ ဆရာဝန်ဘွဲ့ (M.B,B.S)ကို ရရှိသည်။ ပြင်ပဆေး ခန်းဖွင့်၍ ဆေးကုသခြင်းကို လုပ်ကိုင်သည်။

- ၁၉၈၉-၉၀ ခုနှစ်တို့တွင် မင်းကွန်းဆရာတော်ဘုရားကြီး တည်ထောင် ဖွင့်လှစ်ခဲ့သော နန်းရှေ့ မန္တလေး ဇီဝိတ သံဃဆေးရုံ၌ တာဝန်ထမ်း ဆောင်သည်။

- ၁၉၉၁ ခုနှစ်တွင် မရွှေရည်လှနှင့် အိမ်ထောင်ပြု၍ ထူးရည်လွင် သမီးတစ်ဦးရှိပြီး ယခုအခါ မန္တလေးမြို့ (၁၉)လမ်း နန်းရှေ့ အောင်မြေ သာစံမြို့နယ်တွင် မိသားစုနှင့် အတူနေထိုင်သည်။

- ၁၉၉၀-၉၁ ခုနှစ်မှ စတင်၍ ဓမ္မစာပေများကို လေ့လာ ဖတ်ရှု ခဲ့သည်။ မင်းကွန်းဆရာတော်ကြီး၊ စွန်းလွန်းဆရာတော်ကြီး၊ ဝေဘူဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး၊ ပခုက္ကူဆရာတော်ကြီး (အနိစ္စဆရာတော်)၊ ဖားအောက် တောရ ဆရာတော်ကြီးတို့၏တရားဓမ္မများကို လေ့လာမှတ်သားခဲ့သည်။ ထို့ပြင် လယ်တီဆရာတော်ကြီး၏ ဒီပနီပေါင်းချုပ်နှင့် ဘုရားရှင် ဟောကြား တော်မူခဲ့သော ဆဋ္ဌသံဂါယနာတင် ပိဋကတ်သုံးပုံ ပါဠိတော် (မြန်မာပြန်) တို့ကို ဆက်လက် ဖတ်ရှု လေ့လာလျက်ရှိသည်။

- ၂၀၀၄ ခုနှစ်တွင် စာဓမ္မအမြင်မှ ခန္ဓာဓမ္မအမြင်ရောက်အောင် လက်တွေ့ ဝိပဿနာတရား အလုပ်ကို စတင်၍ နှလုံးသွင်းအားထုတ်သည်။

- ၂၀၀၆ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ သူငယ်ချင်းများကို ဝိပဿနာနှင့် ပတ်သက်သော အခြေခံ သဘောတရားများကို စတင် ဆွေးနွေး ပြောကြားသည်။

- ၂၀၀၉ ခုနှစ်တွင် မန္တလေး ဆေးတက္ကသိုလ် (၇၆-၈၂) စာသင် နှစ်၏ (၁၀) ကြိမ်မြောက် အာစရိယ ပူဇော်ပွဲ၌ (ဓမ္မလမ်းကို လျှောက်ကြမယ်) ခေါင်းစဉ်ဖြင့် ဓမ္မစာစုကို စတင်ရေးသား၍ ဆရာ ဆရာမတို့ကို ဓမ္မနှင့် ပူဇော်ကန်တော့ရင်း သူငယ်ချင်း တို့ကိုလည်း ဓမ္မလမ်းပေါ် ရောက်အောင် ခေါ်ဆောင်ခဲ့သည်။

- ၂၀၁၀ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ ဝိပဿနာသင်တန်း အတွက် မဇ္ဈိမလမ်းကို လျှောက်ကြမယ်၊ မြတ်ဗုဒ္ဓ၏ဝိပဿနာ၊ ပိဋကတ် မှတ်စု၊ ဓမ္မကောက်နုတ်ချက်စာစုများ၊ ဝိပဿနာ 'ဝလုံးတန်း'၊ ဝိပဿနာ အခြေခံနှင့် အလုပ်ပေးတရား၊ အခြေခံ ဉာဏ်နှစ်ပါးနှင့် အနတ္တအမြင်၊ သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ၊ လက်တွေ့လျှောက်လှမ်းဓမ္မလမ်း စသည်တို့ကို (ဓမ္မလမ်းစာစဉ်များ)အဖြစ် ရေးသားခဲ့သည်။

# မာတိကာ


| | |
|---|---|
| ၁။ ဥပဝါဏသုတ် (ပိဋကတ် - မြန်မာပြန်) | ၈ |
| ၂။သစ္စာလေးပါး မြတ်တရား | ၁၀ |
| ၃။ ဥပါဒါန ပစ္စယာ ကမ္မဘဝ | ၁၁ |
| ၄။ ကိုင်လည်း မထားရ၊ လွှတ်လည်း မထားရ | ၁၂ |
| ၅။ မနောကံ နှင့် မိစ္ဆာဒိဋ္ဌိ | ၁၃ |
| ၆။ အနတ္တမှုပြောင်းပါ | ၁၃ |
| ၇။ အဝိဇ္ဇာ အဖုံး(၄)ဖုံး ဖွင့်ခြင်း | ၁၄ |
| ၈။ အခြေခံဉာဏ်(၂)ပါး | ၁၅ |
| ၉။ နာမရူပပရိစ္ဆေဒဉာဏ် | ၁၆ |
| ၁၀။ ပရမတ်နာမ်ရုပ် | ၁၇ |
| ၁၁။ ပထဝီဓါတ် နှင့် အာပေါဓါတ် | ၁၉ |
| ၁၂။ တေဇောဓါတ် နှင့် ဝါယောဓါတ် | ၂၀ |
| ၁၃။ ရေ နှင့် ရေခဲဥပမာ | ၂၁ |
| ၁၄။ မျက်မြင် နှင့် ဉာဏ်မြင် | ၂၁ |
| ၁၅။ နာမ်ကိုသိမ်းဆည်းခြင်း | ၂၁ |
| ၁၆။ ပစ္စယပရိဂ္ဂဟဉာဏ် | ၂၄ |
| ၁၇။ ရုပ်နာမ်တို့၏ အကြောင်းတရားများ | ၂၅ |
| ၁၈။ ထိမှ သိတယ် | ၂၇ |
| ၁၉။ သမာဓိ နှင့် ပညာ | ၂၇ |
| ၂၀။ လက် နှင့် စားပွဲပျောက် နာမ်ရုပ်ရောက် | ၂၉ |
| ၂၁။ ဝဋ်သုံးပါး နှင့် အခြေခံဉာဏ် (၂)ပါး | ၂၉ |
| ၂၂။ ဥပါဒါန် နှင့် အကြောင်းတရား | ၃၁ |
| ၂၃။ ဥပါဒါန် နှင့် အနတ္တ | ၃၃ |

၂၄။ အတ္တ နှင့် အနတ္တ ၃၃
၂၅။ မိမိသည် အကြောင်းတရားကိုသာ အားထုတ်ရ၏။ ၃၄
၂၆။ သမုတိ အကြောင်းအကျိုး ၃၄
၂၇။ ပရမတ် အကြောင်းအကျိုး ၃၅
၂၈။ ခန္ဓာအကြောင်းအကျိုး ၃၇
၂၉။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ၃၈
၃၀။ အနတ္တဝေဖန်စီစစ်ပုံ ၄၁
၃၁။ အနတ္တထင်မြင်ခြင်း၏အကျိုး ၄၁
၃၂။ အနတ္တဝိဘာဝနာနိဿယ ၄၂
၃၃။ ပုဂ္ဂိုလ် သတ္တဝါ စိစစ်ပြဆိုချက် ၄၂
၃၄။ အတ္တ (သို့မဟုတ်) ကိုယ် ၄၂
၃၅။ အနတ္တ ၄၃
၃၆။ မဇ္ဈိမပဋိပဒါ နှင့် အနတ္တ ၄၅
၃၇။ မဇ္ဈိမပဋိပဒါ နှင့် ပဋိစ္စသမုပ္ပါဒ် ၄၅
၃၈။ ပဋိစ္စသမုပ္ပါဒ်ဉာဏ် ၄၆
၃၉။ ဝေဒနာ၏ပဋိစ္စသမုပ္ပါဒ် ၄၆
၄၀။ ပဋိစ္စသမုပ္ပါဒ်မှ မြင်အောင်ရှု ၄၇
၄၁။ သောမနဿဝေဒနာ၏ပဋိစ္စသမုပ္ပါဒ် ၄၇
၄၂။ ဟုတ်မှန်သောပဋိစ္စသမုပ္ပါဒ်အသိ ၄၇
၄၃။ စေတနာ နှင့် အနတ္တ ၄၈
၄၄။ အစွန်း (၂)ပါးမှ လွတ်ခြင်း ၅၀
၄၅။ ချမ်းသာသုခ ၅၁
၄၆။ ဝိဘဇ္ဇဝါဒ ၅၁
၄၇။ အနတ္တရောင်ခြည်တော် ၅၂

**အင်္ဂုတ္တိုရ်ပါဠိတော်** **သဓ္ဓတနိယဝဂ်**

## ဥပဝါဏသုတ်

ထိုအခါ အသျှင်ဥပဝါဏသည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြီးဆုံးစေပြီး၍ တစ်ခုသောနေရာ၌ ထိုင်လျက် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏ -

"ငါ့သျှင် သာရိပုတြာ အသိဉာဏ် 'ဝိဇ္ဇာ'ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလောဟု လျှောက်၏၊ ငါ့သျှင် ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။

ငါ့သျှင် အကျင့် 'စရဏ' ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလောဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။

ငါ့သျှင် အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလောဟု (လျှောက်၏)။ ငါ့သျှင် ဤသို့အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။

ငါ့သျှင် အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'ကို ဖယ်ထား၍ (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုပါသလောဟု (လျှောက်၏)။ ငါ့သျှင် ဤသို့ အဆုံးကို ပြုခြင်းသည် မဖြစ်နိုင်။

"ငါ့သျှင် သာရိပုတြာ အသိဉာဏ် 'ဝိဇ္ဇာ' ဖြင့် (ဝဋ်ဆင်းရဲ၏) အဆုံးကို ပြုသလော"ဟု (ငါ) မေးအပ်သော် "ငါ့သျှင် ဤသို့ အဆုံးကို မပြုနိုင်"ဟု (သင်) ဆိုဘိ၏။

"ငါ့သျှင် သာရိပုတြာ အကျင့်'စရဏ' ဖြင့် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသလော" ဟု (ငါ) မေးအပ်သော် "ငါ့သျှင် ဤသို့ အဆုံးကို မပြုနိုင်"ဟု(သင်) ဆိုဘိ၏။

"ငါ့သျှင် သာရိပုတြာ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' ဖြင့်

(ဝဋ္ဋဆင်းရဲ၏)အဆုံးကို ပြုသလော”ဟု (ငါ) မေး အပ်သော် “ငါ့သျှင် ဤသို့ အဆုံးကို မပြုနိုင်” ဟု (သင်) ဆိုဘိ၏။

‘ငါ့သျှင် သာရိပုတြာ အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’ကို ဖယ်ထား၍ (ဝဋ္ဋဆင်းရဲ၏) အဆုံးကို ပြုသလော” ဟု (ငါ) မေးအပ်သော် “ငါ့သျှင် ဤသို့ အဆုံးကို မပြုနိုင်” ဟု (သင်) ဆိုဘိ၏။ ငါ့သျှင် အဘယ်သို့လျှင် (ဝဋ္ဋဆင်းရဲ၏) အဆုံးကို ပြုပါသနည်းဟု လျှောက်၏။

ငါ့သျှင် အသိဉာဏ် ‘ဝိဇ္ဇာ’ဖြင့် (ဝဋ္ဋဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည်ဖြစ်အံ့၊ စွဲလမ်းခြင်း ဖြစ်လျက်သာလျှင် ဝဋ္ဋဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏၊

ငါ့သျှင် အကျင့် ‘စရဏ’ဖြင့် (ဝဋ္ဋဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည် ဖြစ်အံ့၊ (စွဲလမ်းခြင်း) ဖြစ်လျက်သာလျှင် ဝဋ္ဋဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏၊

ငါ့သျှင် အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’ဖြင့် (ဝဋ္ဋဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည် ဖြစ်အံ့၊ (စွဲလမ်းခြင်း) ဖြစ်လျက်သာလျှင် ဝဋ္ဋဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏၊

ငါ့သျှင် အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’ကို ဖယ်ထား၍ (ဝဋ္ဋဆင်းရဲ၏) အဆုံးကို အကယ်၍ ပြုသည်ဖြစ်အံ့၊ ပုထုဇဉ်သည် ဝဋ္ဋဆင်းရဲ၏ အဆုံးကို ပြုသည် ဖြစ်ရာ၏။ ထိုစကား မှန်၏၊ ငါ့သျှင် ပုထုဇဉ်သည် အသိဉာဏ် ‘ဝိဇ္ဇာ’ အကျင့် ‘စရဏ’မှ ကင်း၏။

ငါ့သျှင် အကျင့် ‘စရဏ’မှ ချို့တဲ့သောသူသည် ဟုတ်တိုင်းမှန်စွာ မသိ မမြင်။ အကျင့် ‘စရဏ’နှင့် ပြည့်စုံသူသည်သာ (ဟုတ်တိုင်းမှန်စွာ) သိ၏၊ မြင်၏၊ (ဟုတ်တိုင်းမှန်စွာ) သိသည် မြင်သည် ဖြစ်၍ (ဝဋ္ဋဆင်းရဲ၏) အဆုံးကို ပြု၏ဟု (မိန့်ဆို၏)။

အထက်ပါ ဥပဝါဏသုတ်၏ အဓိပ္ပါယ်ကို ကောက်ယူရာတွင် ဆရာဦးရွှေအောင် ဖွင့်ဆိုသည်မှာ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်စာအုပ်တွင် အတ္တဝါဒုပါဒါန်တန်းလန်းပါဝင်သော ဝိဇ္ဇာ၊ စရဏသည် (ဟုတ်တိုင်းမှန်စွာ) မသိမမြင်နိုင်သဖြင့် နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်ဟူ၍ ဖြစ်ပါသည်။

## " သစ္စာလေးပါး မြတ်တရား"

ဝိပဿနာ ဘာကြောင့် အားထုတ်ရသလဲဟု အမေးခံရပါက ချက်ခြင်း အဖြေပေးရန် ခက်ခဲတတ်ပါသည်။ သစ္စာလေးပါး အမှန်တရားကိုသိမြင်ရန် အတွက်ဖြစ်ပါသည်။ သစ္စာသိရင် သစ္စာ(၄)ပါးအပေါ်မှာ ဖုံးနေတဲ့ မသိမှု အဝိဇ္ဇာတွေကို ပယ်နိုင်ပါတယ်။

(၁) ဒုက္ခသစ္စာ အပေါ်မှာ ဖုံးနေတဲ့ မသိမှုအဝိဇ္ဇာ
(၂) သမုဒယသစ္စာ အပေါ်မှာ ဖုံးနေတဲ့ မသိမှုအဝိဇ္ဇာ
(၃) နိရောဓသစ္စာ အပေါ်မှာ ဖုံးနေတဲ့ မသိမှုအဝိဇ္ဇာ
(၄) မဂ္ဂသစ္စာ အပေါ်မှာ ဖုံးနေတဲ့ မသိမှုအဝိဇ္ဇာ

သစ္စာလေးပါး သိလျှင် ဘာအကျိုးရသလဲဟု ဆက်မေးပါက ဆင်းရဲ အမှန်ဖြစ်သောဒုက္ခမှ လွတ်မြောက်မှု (ဝိမုတ္တိရသ) ချမ်းသာစစ် ချမ်းသာမှန်ကို ရရှိပါတယ်။ လွတ်မြောက်မှုချမ်းသာ ဆိုတာဘာလဲ။

ဥပမာ - သောတာပန် ပုဂ္ဂိုလ်သည် ငါးပါးသီလကို လွန်ကျူးရန် မနောကံတောင် မဖြစ်တော့ပါ။ ဒါကြောင့် ငါးပါးသီလကို မိမိကိုယ်တိုင် ပါဝင် စောင့်ထိန်းနေရမှုမှ လွတ်မြောက်ပြီး ဓမ္မသဘောအားဖြင့် စောင့်ထိန်းခြင်း ဖြစ်လေသည်။ အဘယ်ကြောင့်နည်း။

ဥပါဒါန ပစ္စယာ ကမ္မဘဝဆိုသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အတ္တဒိဋ္ဌိနှင့်စွဲနေသော ဥပါဒါန် (ဒိဋ္ဌုပါဒါန်) ချုပ်ငြိမ်းမှုကြောင့် ငါးပါးသီလနှင့်

ဆိုင်သော ဒုစရိုက်အမှု ကာယကံ၊ ဝစီကံ၊ မနောကံ အမှုများ ချုပ်ငြိမ်းခြင်း ဖြစ်သည်။ သောတာပန်ပုဂ္ဂိုလ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုထားသောကြောင့် သက်ဆိုင်ရာကိလေသာတို့ကို ပယ်ထားပြီး ဖြစ်လေသည်။ ထို့ကြောင့် သီလကို ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် စောင့်ထိန်း ရခြင်းမဟုတ်ပဲ၊ သတိပညာဖြင့် ဓမ္မကစောင့်ထိန်းခြင်းဖြစ်သည်။ မိမိကိုယ်တိုင် ပုဂ္ဂိုလ်အလိုဖြင့် ပါဝင်စောင့်ထိန်းနေရမှုမှ လွတ်မြောက်လေသည်။ မိမိ ကိုယ်တိုင်ပါဝင်ပတ်သက်နေမှု (involve) မဖြစ်တော့ပဲ ဓမ္မဖြင့် (လွတ် မြောက်မှု)ချမ်းသာကိုရခြင်းဖြစ်လေသည်။

## " ဥပါဒါန ပစ္စယာ ကမ္မဘဝ"

ဥပါဒါန်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံများဖြစ်ပေါ်ရသည်။ ကံကို အရကောက်ပါက (စေတနာ)ရပါသည်။ စေတနာ၏စေ့စော်တိုက်တွန်းမှု သည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အားထုတ်မှု (သင်္ခါရ)ကို ဖြစ်ပေါ်စေ သည်။ ထိုကြောင့် လက်တွေ့ဘဝတွင် စေတနာအပေါ်ကို ဥပါဒါန်ကပ်နေ သောကြောင့် ငါလုပ်တယ်၊ ငါပြောတယ်၊ ငါတွေးတယ်လို့ ပြင်းစွာ စွဲလမ်းပြီး ယူဆထင်မြင်နေခြင်းဖြစ်ပါသည်။ ထိုအခါ ငါအယူများနောက်မှ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာတို့ ပါဝင်လာတော့သည်။ ဥပါဒါန်ချုပ် ပါက ဥပါဒါန်ကြောင့်ဖြစ်ပေါ်နေသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ချုပ်ပြီး ဉာဏ်နှင့်ယှဉ်သော သမ္မာဝါစာ (မှန်စွာပြောခြင်း)၊ သမ္မာကမ္မန္တ (မှန်စွာလုပ် ခြင်း)၊ သမ္မာအာဇီဝ (မှန်စွာအသက်မွေးခြင်း)တို့ ဖြစ်ပေါ်လာပေမည်။ ထိုကြောင့် မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာ၊ ထိရာ၊ တွေးရာတို့တွင် ဥပါဒါန်ကို သတိပြုရပေမည်။

ဥပမာ - ဘောလုံးပွဲ ဥပါဒါန်ကပ်သူက ဘောလုံးပွဲအကြောင်း

ပြောသည်။ ရုပ်ရှင် ဥပါဒါန်ကပ်သူက ရုပ်ရှင်အကြောင်း ပြောပါသည်။ အစားအသောက် စားရာတွင်လည်း ကိုယ်ကြိုက်ရာ ကိုယ်ဥပါဒါန်ကပ်ရာကိုသာ အများအားဖြင့် စားသောက်ကြခြင်းဖြစ်ပါသည်။ ဥပါဒါန်ကြောင့် ကံမြောက်နေရခြင်းဖြစ်ပါသည်။

ကံကို အရကောက်လျှင် (စေတနာ)ကိုသာ ကောက်ရပါသည်။ စေတနာ အပေါ်တွင် ဥပါဒါန်ကပ်နေ၍ (ကံမြောက်ခြင်း)ဖြစ်သည်။ ကုသိုလ်၊ အကုသိုလ်ကံတို့သည် (အကြောင်းတရား)တို့ ညီညွတ်ပြည့်စုံပါက နောက်ဘဝ နောက်ခန္ဓာဖြစ်သော ဇာတိ (အကျိုးတရား)ကို ပေးနိုင်လေသည်။ ထို့ကြောင့် ကံချုပ်လိုလျှင် ဥပါဒါန်ကို ပယ်ရပေမည်။ သို့သော် စေတနာကိုတော့ မပယ်ရပါ။ (စေတနာနှင့် ဥပါဒါန်)ကို ပိုင်းခြား သိသင့်ပေသည်။

## " ကိုင်လည်း မထားရ၊ လွှတ်လည်း မထားရ"

ပစ္စည်းတစ်ခုကို ကိုင်လည်း မထားရ၊ လွှတ်လည်း မထားရပါဆိုလျှင် နဲနဲ စဉ်းစားရခက်ပါသည်။ အမှန်မှာ (ထိရုံ)သာဖြစ်ပါသည်။ ထို့အတူ မြင်တဲ့အပေါ်မှာ အများအားဖြင့် (သတိ) လွှတ်ထားကြပါသည်။ သို့သော် နှစ်သက်စရာ အာရုံနှင့်တွေ့ပါက ထိုအာရုံအပေါ်မှာ မလွှတ်တော့ချေ။ စွဲလမ်းသွားတော့သည်။ ၄င်းသည် ဥပါဒါန်ကပ်သွားခြင်းကြောင့် ဖြစ်သည်။ မြင်တဲ့အပေါ်မှာ ဥပါဒါန်ကပ်လျှင် ကပ်မှန်း သတိဖြင့် အသိလိုက်နိုင်ပါက ထိုအချိန်တွင် ဥပါဒါန်ချုပ်သောကြောင့် ကိုင်ထားခြင်းလည်း မရှိပါ။ မြင်တဲ့အပေါ်မှာ ဥပါဒါန် မကပ်ပါကလည်း မကပ်မှန်း သတိဖြင့် အသိလိုက်နိုင်ပါက လွှတ်ထားခြင်းလည်း မရှိပါ။ (မြင်ရုံ)သက်သက်သာတည်း။ လောဘ၊ ဒေါသ၊ မောဟတို့ တဒင်္ဂချုပ်ငြိမ်းနေခြင်း ဖြစ်လေသည်။

## " မနောကံ နှင့် မိစ္ဆာဒိဋ္ဌိ "

ဝိပဿနာသည် မိစ္ဆာဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိုပယ်ရန် ပထမအလုပ် ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသည် မနောကံတွင် ဖြစ်ပေါ်သည်။ ထို့ကြောင့် မနောကံဖြစ်ပေါ်မှုကို သိနိုင်ရန် သတိထား၍ ကြည့်သင့်ပါသည်။ အများ အားဖြင့် မိမိမှာ မနောကံ ဖြစ်၊ မဖြစ်ကို သေသေချာချာ မသိကြပါ။ ဥပမာ လမ်းလျှောက်သွားသောအခါ မျက်စိဖြင့် မြင်တိုင်း မနောကံမဖြစ်ပါ။ လှသော ပန်းပွင့်ကို မြင်သောအခါမှ စိတ်ထဲတွင် လှလိုက်တာပါလားလို့ (မနောကံ) ဖြစ်လေသည်။ (သတိ)မရှိသောကြောင့်သာ မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာ၊ ထိရာတို့တွင် မနောကံ ဖြစ်၊ မဖြစ်ကို မသိခြင်း ဖြစ်လေသည်။ ထိုအခါ မောဟထဲ ကျလေတော့သည်။ မနောကံဖြစ်၊ မဖြစ်ကို သတိထားကြည့်ပါက မြင်ရာတွင် (သတိ)စတင် ဖြစ်လာပေမည်။ ထို့အတူ ကြားရာ၊ နံရာ၊ စားရာ၊ ထိရာတို့မှာလည်း သတိရှိပါက မနောကံ ဖြစ်၊ မဖြစ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်ပေမည်။ ထိုအခါ ယခင်က မောဟနေရာတွင် သတိဦးဆောင်သော အမောဟတရားတစ်ခု ဖြစ်ပေါ်လာပေမည်။ (ဝိပဿနာတွင် ဉာဏ်ဖြစ်ပေါ်မှုသည် အဓိကကြပါသည်။)

## " အနတ္တမူပြောင်းပါ "

မြတ်စွာဘုရားရှင်၏ ဝါဒသည် အနတ္တဝါဒဖြစ်သည်။ အနတ္တ ဆိုသော မူဝါဒ (Principle)ကို နားလည်ပါမှ ကျင့်ကြံအားထုတ်မှု ( Practice) မှန်ကန်ပေမည်။ ပုထုဇဉ်တို့သည် မွေးဖွားသည်မှ ယနေ့အထိ အတ္တဝါဒ၊ အတ္တအမြင်၊ အတ္တအတွေးတို့ဖြင့်သာ နေထိုင်ကျင့်သုံးခဲ့ကြ ပါသည်။ မူဆိုသော အနတ္တ (Principle)ကို မပြောင်းဘဲ အတ္တဖြင့် အကျင့် (Practice)လုပ်နေသောကြောင့် တရားလမ်းကြောင်းပေါ်တွင် အားထုတ်

ရင်း မျှောပါနေကြရလေသည်။ လိုရာတဖက်ကမ်းသို့ မရောက်ခြင်း ဖြစ်သည်။ ထိုကြောင့် အနတ္တနှင့်အတ္တကို ပိုင်းခြားသိမြင်ရန် အလွန်အရေးကြီး လှပေသည်။

## " အဝိဇ္ဇာ အဖုံး(၄)ဖုံး ဖွင့်ခြင်း"

(၁) ဒုက္ခသစ္စာကို မှန်စွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)

| | | |
|---|---|---|
| မြင်ရာတွင် | (အဆင်း)သည် ရုပ် | -သိတာသည်နာမ် |
| ကြားရာတွင် | (အသံ)သည် ရုပ် | -သိတာသည်နာမ် |
| နံရာတွင် | (အနံ့)သည် ရုပ် | -သိတာသည်နာမ် |
| စားရာတွင် | (အရသာ)သည် ရုပ် | -သိတာသည်နာမ် |
| ထိရာတွင် | (အထိ)သည် ရုပ် | -သိတာသည်နာမ် |
| တွေးရာတွင် | (သဘော)သည် ရုပ်(ဝါ)နာမ် | -သိတာသည်နာမ် |

ထိုသို့ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဖြစ်ပေါ်နေသော နာမ်ရုပ်တို့သည် ဒုက္ခသစ္စာသာ ဖြစ်ပါသည်။

(၂) သမုဒယသစ္စာကို မှန်စွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် တဏှာ (ဥပါဒါန်)ကို သိမြင်ခြင်းဖြင့် အဝိဇ္ဇာ အဖုံးကို ဖွင့်နိုင်လေသည်။

(၃) နိရောဓသစ္စာကို မှန်စွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာချုပ်ငြိမ်းသော နိဗ္ဗာန်ကိုမျက်မှောက် ပြုခြင်းသည် နိရောဓသစ္စာအပေါ်မှ အဝိဇ္ဇာ အဖုံးကိုဖွင့်ခြင်းဖြစ်သည်။

(၄) မဂ္ဂသစ္စာကို မှန်စွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပသည် ပညာမဂ္ဂင် ဖြစ်၏၊ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝသည် သီလမဂ္ဂင်ဖြစ်၏၊ သမ္မာဝါယာမ၊ သမ္မာသတိ၊

သမ္မာသမာဓိသည် သမာဓိမဂ္ဂင်ဖြစ်၏။ သမ္မာသက်ပ္ပ မှန်စွာကြံစည်သုံးသပ်မှ မှန်စွာမြင်ခြင်း သမ္မာဒိဋ္ဌိဖြစ်ပေမည်။ ထို့ကြောင့် သမ္မာသက်ပ္ပသည် မျက်မှန်နှင့်တူ၏။ မျက်မှန်တပ်မှ အမြင်ကြည်သကဲ့သို့ သမ္မာသက်ပ္ပလုပ်မှလည်း သမ္မာဒိဋ္ဌိဖြစ်ပေမည်။ သမ္မာဒိဋ္ဌိဖြစ်ပေါ်မှလည်း မဂ္ဂသစ္စာအပေါ်မှ အဝိဇ္ဇာအဖုံးကို ဖွင့်နိုင်ပေမည်။

## " အခြေခံဉာဏ်(၂)ပါး "

ဝိပဿနာတရားကို အားထုတ်ကြသောလုပ်ငန်းတွင် အခြေခံကျ၍ မသိမဖြစ် သိကြရမည်ဖြစ်သော အခြေခံဉာဏ်(၂)ပါး ရှိ၏။ ၎င်းတို့သည် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့ ဖြစ်ကြသည်။

နာမရူပသည် နာမ်ရုပ်ဖြစ်၍ ပရိစ္ဆေဒသည် ပိုင်းခြားသိခြင်းဖြစ်သည်။ နာမ်နှင့်ရုပ်ကို ပိုင်းခြားသိရမည့်ဉာဏ်ဖြစ်သည်။ ၎င်းသည် (ဒိဋ္ဌိ) အယူမှားကိုပယ်ရန်အတွက် အခြေခံဉာဏ်ဖြစ်သည်။ ပစ္စယသည် အကြောင်းဖြစ်၍ ပရိဂ္ဂဟသည် သိမ်းဆည်းခြင်းဖြစ်သည်။ အကြောင်းတရားတို့ကို သိမ်းဆည်းတတ်သောဉာဏ် ဖြစ်သည်။ ၎င်းသည် (ဝိစိကိစ္ဆာ)ဆိုသော သံသယတို့ကို ပယ်ရန်အတွက် အခြေခံဉာဏ်ဖြစ်သည်။ ထိုဉာဏ် (၂)ပါးသည် ဝိပဿနာစတင် အားမထုတ်မီ ရှေးဦးစွာ ပထမ သိရမည့် ပညာရပ်(၂)ခုဖြစ်ပါသည်။

နာမ်ရုပ်ကို ပိုင်းခြားသိရမည့်ဉာဏ်နှင့် အကြောင်းကိုသိမ်းဆည်းရမည့်ဉာဏ်တို့သည် ဝိပဿနာအားထုတ်သည့် အဆင့်တိုင်းတွင် အလွန်အရေးပါ၏။ ထိုအခြေခံဉာဏ် (၂)ပါးကို မပိုင်နိုင်သည့်အတွက် ဝိပဿနာမဖြစ်ခြင်း၊ သမထမှ ရုန်းမထွက်နိုင်ခြင်း၊ သမထနှင့် ဝိပဿနာကိုလည်း မခွဲခြားနိုင်ခြင်းတို့ ဖြစ်နေကြပါသည်။

## " နာမရူပပရိစ္ဆေဒဉာဏ် "

နာမရူပပရိစ္ဆေဒဉာဏ်ခေါ် နာမ်ရုပ်ကိုပိုင်းခြားသိနိုင်ရန်အတွက် နာမ်ရုပ်ကို မမြင်နိုင်အောင် ဖုံးလွှမ်းပိတ်ဆို့ထားသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို ဖယ်ရပေမည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တွင် အဝိဇ္ဇာ၊ တဏှာသည် သိမ်မွေ့၍ ဥပါဒါန်သည် ထင်ရှား၏။ ထို့ကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို သိမြင်အောင်အားထုတ်ရာတွင် ထင်ရှားသော ဥပါဒါန်နှင့်စတင်နှလုံးသွင်းလျှင် အဆင်ပြေတတ်ပါသည်။

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေး တို့၌ မြင်ရာတွင် ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးလို့ မသိတာက အဝိဇ္ဇာ၊ မြင်လို့ နှစ်သက်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန် ဖြစ်ပါသည်။ ဤသို့ဖြင့် မြင်မှုကိစ္စတွင် အဆင်းရူပါရုံသည် ရုပ်၊ သိတာသည် နာမ်ဟု ဉာဏ်မှာမမြင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုလို့ မြင်သောကြောင့် အဝိဇ္ဇာရှိ၏။ ၎င်းတို့ကို တွယ်တာနှစ်သက်လျှင် တဏှာ၊ စွဲလမ်းလျှင် ဥပါဒါန် ဖြစ်သည်။ ဤသို့ဖြင့် အဝိဇ္ဇာရှိမှန်း သိနိုင်သော်လည်း တဏှာ၊ ဥပါဒါန်ခွဲခြားဖို့လိုလာသည်။ ထိုအခါ ဥပါဒါနပစ္စယာ ကမ္မဘဝ ဆိုသည့် ဒေသနာကို ကိုးကားရ၏။ ဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပေါ်သည့် သဘောမှာ စွဲလမ်းမှု ဥပါဒါန်ကြောင့် မိမိအလိုအတိုင်း ကာယ၊ ဝစီ၊ မနော တို့ဖြင့် အားထုတ်ကာ ကုသိုလ်၊ အကုသိုလ်ကံတို့ ဖြစ်ကြရ၏။ ဥပမာ- ရုပ်ရှင် ဥပါဒါန်ကပ်သူက ရုပ်ရှင်အကြောင်း ပြော၏။ ဘောလုံးပွဲ ဥပါဒါန်ကပ်သူက ဘောလုံးပွဲအကြောင်း ပြော၏။ ဤသို့ဖြင့် ကိုယ်ဥပါဒါန်ကပ်ရာကိုသာ ပြောကြ၊ လုပ်ကြ၊ တွေးကြရင်း ကမ္မဘဝ(ကံ)များ ဖြစ်ကြရသည်။ သတိမရှိသောကြောင့်သာ မသိနိုင်ခြင်း ဖြစ်ပါသည်။

ဥပမာ၊ စတိုးဆိုင် တစ်ဆိုင်သို့သွားလျှင် မြင်တာကို နာမ်ရုပ်လို့ မသိ

အောင်ဖုံးတာက အဝိဇ္ဇာ၊ နှစ်သက်တာက တဏှာဖြစ်၏။ သို့သော် နှစ်သက်သော်လည်း ဥပါဒါန်မကပ်၊ မစွဲလမ်းပါက မမေးမိ၊ မကိုင်မိ၊ မြင်ရုံသာဖြစ်၍ အိမ်ပြန်လာသော်လည်း စိတ်ထဲမှာ မတွေးမိချေ။ မနောကံမမြောက်။ ဥပါဒါန်ကပ်ပါက မိမိနှစ်သက်သောပစ္စည်းကို မေးမိ၏။ ကိုင်မိ၏။ မဝယ်ဖြစ်ပါကလည်း စိတ်ထဲမှာ စွဲလမ်းမှုနှင့် အတွေးပေါ်၏။ ဥပါဒါန်ကြောင့် မနောကံမြောက်နေ၏။ ဤသို့ဖြင့် ဥပါဒါန်ကပ်၊ မကပ်ကို သတိရှိပါက သိနိုင်ပေသည်။

ရုပ်နာမ် ပရမတ်အပေါ်တွင် ဖုံးထားသော အဝိဇ္ဇာ၊ တဏှာကို ပယ်နိုင်ရန်အတွက် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဥပါဒါန်ကပ်၊ မကပ်ကို စတင် သတိထားကြည့်ရင်း အကြမ်းစား၊ အလတ်စား၊ အနုစား ဥပါဒါန်တို့ကို အဆင့်ဆင့် မြင်နိုင်လာပေမည်။ ထိုအခါ ဥပါဒါန်ပါးလျှင်ပါးသလောက် အဝိဇ္ဇာ၊ တဏှာတို့လည်း နည်းပါးလာ၏။ မျိုပိတ်နေလျှင် မမြင်နိုင်ပဲ အထင်နှင့် မှန်းဆနေရသလို အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်(မျို)ကြောင့် ပရမတ်နာမ်ရုပ်၏သဘောအမှန်ကို မမြင်နိုင်ကြပဲ မှန်းဆပြီး ပညတ်စွဲ တန်းလန်းနှင့် ဖြစ်ပျက်လုပ်ကြရလေသည်။

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့ အပေါ်မှာရှိသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို သတိ၊ ပညာနှင့်သိမြင်ပြီး ပါးအောင် နှလုံးသွင်းအားထုတ်နိုင် ပါက ရုပ်နာမ်ပရမတ်တရားတို့၏ သဘာဝလက္ခဏာတို့ကို (ယထာဘူတ ကျကျ) အရှိကိုအရှိအတိုင်း ဉာဏ်ဖြင့် ထိုးဖေါက်သိမြင်နိုင်ပေမည်။

## " ပရမတ်နာမ်ရုပ် "

ဝိပဿနာဆိုလျှင် နာမ်ရုပ်က စကြိစမြဲဖြစ်ပါသည်။ နာမ်ရုပ်တွင်လည်း ရုပ်သည်ထင်ရှားသဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုသည့် ဓါတ်ကြီး (၄)ပါးခေါ် မဟာဘုတ် ဓါတ်တရားတို့မှစ၍ သင်ပြကြပါသည်။

ဖေါက်ပြန်ခြင်း လက္ခဏာဖြင့် ရုပ်တရားကို မှတ်အပ်၏။ သိမ်းဆည်းအပ်၏။ အာရုံကို ညွတ်ကိုင်းခြင်း လက္ခဏာဖြင့် နာမ်တရားကို မှတ်အပ်၏။ သိမ်းဆည်း အပ်၏။ ထိုသို့ ရုပ်နာမ်တို့ကို မျက်စိဖြင့်မြင်ရသကဲ့သို့ ဉာဏ်တွင် (realise) ထင်ရှားလာအောင် ပိုင်းခြားအပ်၏။ ဉာဏ်တွင် ရှေးရှုမထင်သော ရုပ်နာမ် တို့ကို ဝိပဿနာမရှုမှတ်နိုင်ပေ။

ရုပ်တို့၏ ဖေါက်ပြန်ခြင်းသဘောကို ဓါတ်ကြီးလေးပါးတွင် တွေ့နိုင် လေသည်။ ဓါတ်ဆိုသည်မှာ မိမိသဘောကို ဆောင်ထားခြင်းပင် ဖြစ်ပါသည်။

(၁) ပထဝီ - မာခြင်း၊ ပျော့ခြင်း

(၂) အာပေါ - ဖွဲ့စည်းခြင်း၊ ယိုစီးခြင်း

(၃) တေဇော - ပူခြင်း၊ အေးခြင်း

(၄) ဝါယော - ထောက်ကန်ခြင်း၊ တွန်းတိုးခြင်း

အထက်ပါအဓိပ္ပါယ်တို့သည် အများနားလည်သော သမုတိနယ်က အသုံးများဖြစ်ကြပါသည်။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောခေါ် ဆိုရုံမျှနှင့် မာတာ၊ ဖွဲ့စည်းတာ၊ ပူတာ၊ လှုပ်တာသိရုံမျှနှင့် ပရမတ်လို့ မခေါ်နိုင်သေးပါ။ ၎င်းတို့သည် ပညတ်သိ၊ သညာသိသာ ရှိပါသေးသည်။

ပရမတ်သည် ဉာဏ်၏အာရုံဖြစ်သည်။ မာတာ၊ ပူတာ၊ လှုပ်တာကို လက်နှင့်စမ်းလျှင် သိနိုင်ပါသည်။ လူတိုင်းလည်း သိကြပါသည်။ ၎င်းတို့သည် ဉာဏ်၏အာရုံ မဟုတ်သေးပါ။ လက်နှင့်စမ်း၍သိရသော စိတ်၏အာရုံသာ ဖြစ်ပါသည်။ စိတ်သိသည် သူသိ၊ ငါသိဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် သဘောပါဝင်သော အတ္တအမြင် (Subjective view)ဖြစ်၏။ ဉာဏ်သိသည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကိုပယ်ပြီး ပညာဖြင့် အရှိအတိုင်းသိမြင်ခြင်းဖြစ်သည်။ ယထာဘူတဉာဏ်ဖြင့် အရှိတရားပရမတ်ကို သူ့သဘောအတိုင်း သိမြင်

ခြင်းသည် အနတ္တအမြင် (Objective view) ဖြစ်လေသည်။

## " ပထဝီဓါတ် နှင့် အာပေါဓါတ် "

ဉာဏ်၏ကျက်စားရာ (အာရုံ)ဖြစ်ရန် ပညာလိုပေသည်။ ဥပမာ မာခြင်းကို လက်ဖြင့်စမ်း၍ သိနိုင်ပေသည်။ ပရမတ်တရားတို့သည် လက်နှင့်ကိုင်၍ မရပါ။ ဉာဏ်ဖြင့်သာ သိခွင့်ရခြင်းဖြစ်သည်။ မာခြင်းကိုဖြစ်စေတတ်သော သတ္တိ (သို့မဟုတ်) သိပ်သည်းစေတတ်သော သတ္တိ (Density)ကို ဉာဏ်ဖြင့် သာ သိနိုင်လေသည်။ သိပ်သည်းခြင်း (Density) များလျှင် မာ၍ သိပ်သည်း ခြင်း (Density)နည်းလျှင် ပျော့ပါသည်။ ထိုသတ္တိကို ပထဝီဓါတ်ဟုခေါ်သည်။ ဥပမာ-လက်ထိပ်ဖြင့် ခုံတစ်ခုအပေါ်တွင် ဖိကြည့်လျှင် လက်ထိပ်တွင် သိပ်သည်းခြင်း (Density) ပြောင်းလဲမှုကို တွေ့ရ၏။ ၎င်းသည် ပထဝီဓါတ်၏ သဘောဖြစ်၏။ လမ်းလျှောက်လျှင်လည်း ခြေဖဝါးတွင် ပထဝီဓါတ် သိပ်သည်းခြင်း (Density)ပြောင်းလဲမှုကို တွေ့ရပေမည်။ မာခြင်းပျော့ခြင်းသည် မိမိဘက်မှအမြင် (Subjective View)ဖြစ်၍ ပညတ်တင်ထားခြင်းသာဖြစ်လေသည်။ သိပ်သည်းခြင်း ပြောင်းလဲမှုသဘောသည် မူရင်းအရှိသဘော အတိုင်း သိမြင်ခြင်း (Objective View) ဖြစ်၍ ပရမတ်အမြင် ဖြစ်ပေသည်။

ထိုအတူ ဖွဲ့စည်းစေတတ်သော သတ္တိသည် အာပေါဓါတ်ဖြစ်၏။ ထိုသတ္တိအားကောင်းလျှင် ဖွဲ့စည်းပုံကောင်း၍ ထိုသတ္တိအားနည်းလျှင် ဖွဲ့စည်းပုံ ညံ့ပေမည်။ ဥပမာ ရေနှင့် ရေခဲတွင် ရေ၌ ဖွဲ့စည်းပုံ အားနည်း၏။ ရေခဲ၌ ဖွဲ့စည်းပုံအားကောင်း၏။ ဖွဲ့စည်းပုံအားကောင်းသည်နှင့် ဒြပ်၊ ဝတ္ထု၊ ပုံသဏ္ဍာန်တို့ ဖြစ်ပေါ်လာပြီး ပထဝီဓါတ်ဖြစ်သော သိပ်သည်းခြင်း သတ္တိပါ အားကောင်းလာလေသည်။ ရေတွင် ဖွဲ့စည်းပုံ အားနည်းသောကြောင့် ပထဝီဓါတ်၏ သိပ်သည်းမှုသည်လည်း လျော့နည်းနေခြင်းဖြစ်သည်။

ဤသို့ဖြင့် ပထဝီဓါတ်နှင့် အာပေါဓါတ်သတ္တိတို့သည် ရုပ်ဝတ္ထုတိုင်းတွင် ယှဉ်တွဲ ပါဝင်နေကြသည်ကို ဉာဏ်ဖြင့်သာ သိမြင်နိုင်လေသည်။

အထူးသဖြင့် ဒြပ်၊ ဝတ္ထု၊ ပုံသဏ္ဍာန်တို့သည် အာပေါဓါတ်၏ ဖွဲ့စည်းမှု အစွမ်းကြောင့်သာဖြစ်ပေါ်ရသည်။ အာပေါဓါတ်၏ ဖွဲ့စည်းခြင်း သတ္တိ အစွမ်းဖြင့် ပထဝီဓါတ်သည် ဒြပ်၊ ဝတ္ထု၊ ပုံသဏ္ဍာန် အခြင်းအရာအားဖြင့် ဖြစ်ပေါ်လာခြင်းမျှသာဖြစ်သည်။ ဥပမာ အိမ်တွေပုံစံ မတူခြင်း၊ ကားတွေ ပုံစံမတူခြင်းမှာ အာပေါဓါတ်၏ အစွမ်းသတ္တိသာ ဖြစ်၏။ အာပေါဓါတ်ကို ဉာဏ်ဖြင့်သာသိရ၍ ကိုယ်ဖြင့်မထိတွေ့နိုင်သော (ဓမ္မာရုံ)ထိုက်သည့်တရား တစ်ခုသာ ဖြစ်ပါသည်။

## " တေဇောဓါတ် နှင့် ဝါယောဓါတ် "

ပူစေတတ်သောသတ္တိ၊ ရင့်ကျက်စေတတ်သောသတ္တိသည် တေဇော ဓါတ်ဖြစ်သည်။ တေဇောဓါတ်သည် အပူစွမ်းအင် ဖြစ်သည်။ လောကတွင် လှုပ်ရှားမှုတိုင်းသည် စွမ်းအင်ရှိမှ ဖြစ်ပေါ်ရသည်။ ထို့ကြောင့် တေဇော ဓါတ်သည် ထောက်ကန် တွန်းတိုးစေတတ်သော ဝါယောဓါတ်နှင့် ယှဉ်တွဲ၍ ပါဝင်နေသည်ကို ဉာဏ်၏ အာရုံအနေဖြင့် သိနိုင်ပေမည်။

ထောက်ကန် တွန်းတိုးစေတတ်သော သတ္တိသည် ဝါယောဓါတ် ဖြစ်သည်။ လှုပ်ရှားခြင်းသည် အမူအရာ(Appearance)အမျှသာဖြစ်၍ ပရမတ်ဝါယော မဟုတ်ပါ။ လှုပ်ရှားခြင်းကိုဖြစ်စေတတ်သော သတ္တိကသာ ဝါယောဓါတ် ဖြစ်ပါသည်။ ဥပမာ - ရေတံခွန်တစ်ခုတွင် ရေများ ကျဆင်းနေ ခြင်းသည် လှုပ်ရှားနေသော အခြင်းအရာ (Appearance)မျှသာဖြစ်သည်။ ၎င်းလှုပ်ရှားမှုကို ဖြစ်စေသော တိုးမှု တွန်းမှု သတ္တိကသာ ဒလက်တစ်ခုကို လည်ပတ်စေနိုင်သော ဝါယောဓါတ်၏ စွမ်းအားသတ္တိဖြစ်သည်။ ထိုလည်

ပတ်မှု စွမ်းအားဖြင့် လျှပ်စစ်ဒိုင်နမို (Generater) မှ လျှပ်စစ်မီး (အပူဓါတ်)ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤသို့ဖြင့် ထောက်ကန် တွန်းတိုးစေတတ်သော ဝါယောဓါတ်တို့သည် တေဇောဓါတ်တို့ဖြင့် ယှဉ်တွဲနေကြသည်ကိုလည်း ဉာဏ်ဖြင့် သိခွင့်ရပေမည်။

## ရေ နှင့် ရေခဲဥပမာ

| | | ပထဝီဓါတ် | အာပေါဓါတ် | တေဇောဓါတ် | ဝါယောဓါတ် |
|---|---|---|---|---|---|
| ရေ | - | (နည်း) | (နည်း) | (များ) | (များ) |
| ရေခဲ | - | (များ) | (များ) | (နည်း) | (နည်း) |

## " မျက်မြင် နှင့် ဉာဏ်မြင်"

မီးရထားသံလမ်းသည် ဝေးလျှင် ကျဉ်းသွားသည်ကို မျက်စိဖြင့် မြင်ရသော်လည်း ဘယ်နေရာမှ မကျဉ်းကြောင်းကို ဉာဏ်ဖြင့်သာ အမှန် သိရ၏။ ဉာဏ်အမြင်မပါပဲ မျက်မြင်အတိုင်းသာ ယူနေပါက သစ္စာတရားနှင့် အလှမ်းဝေးနေပေအုံးမည်။

## " နာမ်ကိုသိမ်းဆည်းခြင်း "

ရုပ်နာမ်နှစ်ပါးတွင် ရုပ်သည်ထင်ရှား၏။ နာမ်သည် မထင်ရှား၊ သိမ်မွေ့သော သဘောရှိ၏။ ရုပ်အစုအပေါင်းကို ရူပက္ခန္ဓာခေါ်၍ နာမ်အစု အပေါင်းကို နာမက္ခန္ဓာခေါ်၏။ နမ်ခန္ဓာ (၄) ပါးရှိ၏။ ဝေဒနာက္ခန္ဓာ (ခံစားမှု အစု)၊ သညာက္ခန္ဓာ (မှတ်သားမှုအစု)၊ သင်္ခါရက္ခန္ဓာ (စေ့ဆော်အားထုတ်မှု အစု)၊ ဝိညာဏက္ခန္ဓာ (သိမှုအစု)တို့ဖြစ်၏။ ထိုနာမ်ခန္ဓာ (၄)ပါးတွင် သညာက္ခန္ဓာသည် သင်ကြားရာ၌ သိလွယ်နိုင်ကြပါသည်။

အာရုံကို မှတ်သားတတ်သောသဘော အစုအပေါင်းကို

သညာက္ခန္ဓာဟုခေါ်၏။ ဥပမာ လူတိုင်းတွင် နာမည်ကိုယ်စီရှိကြ၏။ သို့သော် မွေးလာစဉ်က နာမည်မပါ။ အဖေအမေက နာမည်ပေးသောကြောင့် ခေါ်ဝေါ်ပြောဆိုရန်အတွက် နာမည်တစ်ခုရလေသည်။ ထိုနာမည်ကို ငါ့နာမည်ဟု မှတ်သားတတ်သော သညာကတော့ မွေးကတည်းက ပါလေသည်။ သို့သော် မွေးရာပါသညာကို မေ့နေကြသည်။ တကယ်မရှိပဲ ခေါ်ဝေါ်ဆက်ဆံရန်အတွက် သုံးရသော ထိုနာမည်ကိုတော့ ခေါ်သံကြားလိုက်တာနဲ့ ငါပဲ၊ ငါ့နာမည်ပဲလို့ တကယ်ထင်တော့သည်။ အမှန်မှာ နာမည်ခေါ်သံသည် အသံ(ရုပ်)နှင့် ကြားသူမှာ သိစိတ်(နာမ်)ပေါ်၏။ သို့သော်လည်း ကြားသူမှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုသော ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် အခိုင်အမာပြု၍ အယူမှားများ ဖြစ်ပေါ်သွားတော့သည်။ ထိုအယူမှားကို ဒိဋ္ဌိဟုခေါ်၏။ အသံ(ရုပ်)နှင့်သိမှု(နာမ်)ကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမအနေဖြင့် အခိုင်အမာ အနှစ်သာရပြု၍ မှားယွင်းသော အမြင်(ဒိဋ္ဌိ)နှင့် ပြင်းစွာ စွဲလမ်းနေသောကြောင့် ဒိဋ္ဌုပါဒါန်ဟုလည်း ခေါ်သည်။ သို့သော် ဒိဋ္ဌိဖြုတ်ချင်သော ယောဂီသည် မိမိနာမည်မှာပင် ဒိဋ္ဌိကပ်နေမှန်း မသိနိုင် ကြပါ။ ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်အနေဖြင့် မိမိနာမည်မှာပင် ကပ်နေကြောင်းမသိပဲ ဘယ်မှာ ဒိဋ္ဌိသွားဖြုတ်မည်နည်း။ ဒိဋ္ဌိဖြုတ်ချင်လျှင် ဒိဋ္ဌိကပ်ရာကို အရင်သိမြင်အောင် ကြည့်နိုင်ရပေမည်။

ဥပမာ - မိမိနာမည်ကို ခေါ်သံကြားပါက မိမိတွင် သညာပေါ်၏။ နာမည်ကို သညာက မှတ်သားထားခြင်းသာဖြစ်သည်။ ငါမှတ်တာ မဟုတ်ပါ။ သညာပေါ်သည်ဟု ဉာဏ်က အကြောင်းမှန်ကို မသိမ်းဆည်းတတ်သောကြောင့် ငါပဲ၊ ငါ့နာမည်ပဲဟု ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် အခိုင်အမာပြုကာ အယူမှား ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ သညာပေါ်တာကို ငါ၊ ငါ့နာမည်လို့

အလွဲသိတာက အဝိဇ္ဇာ၊ ငါ၊ ငါ့နာမည်အပေါ်မှာ နှစ်သက်တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန် ဖြစ်ပေါ်ခြင်းဖြစ်သည်။

မိမိနံမည် ခေါ်သံကြားမှုအပေါ်မှာ သညာကို ဉာဏ်ဖြင့် မသိမ်းဆည်းနိုင်သောကြောင့် ပရမတ်မရောက်ချေ။ နာမည်ခေါ်သံဆုံးသည်နှင့် ထိုသညာချုပ်၏။ သညာ၏ ဖြစ်မှု၊ ပျက်မှုသဘောသည် သူ့သဘော သူဆောင်၏။ မမြဲသောအနိစ္စဖြစ်၏။ ခေါ်သံနှင့် အကြောင်းတိုက်ဆိုင်မှ ထိုသညာဖြစ်ပေါ်၏။ ခေါ်သံနှင့် အကြောင်း မတိုက်ဆိုင်ခင်ကလည်း ထိုသညာမရှိ။ အကြောင်းကင်းသောအခါ၌လည်း ထိုသညာမရှိ။ သညာ၏ အမြဲမရှိမှု၊ အခိုင်အမာ မရှိမှု၊ အနှစ်သာရ မရှိမှု စသည်တို့ကို ဉာဏ်မှာ ထင်ရှားလာပြီး အနိစ္စ၊ အနတ္တလက္ခဏာများ ထင်ပေါ်လာတော့သည်။ ထိုအခါ သညာပေါ်တွင် ငါ၊ ငါ့ဥစ္စာလို့ ပြင်းစွာ စွဲယူထားသော ဒိဋ္ဌိ၊ တဏှာတို့ကို ပယ်ရှားနိုင်ပေမည်။

ဤကဲ့သို့ သညာကို စတင် နှလုံးသွင်းနိုင်ပါက မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ခေါ်ဝေါ်ပြောဆိုရန်အတွက် ပညတ်တင်ထားခြင်းကို တကယ်ရှိတယ်၊ အမှန်ရှိတယ်လို့ အခိုင်အမာ စွဲထင်နေသော အယူမှားများ လျော့ပါးသက်သာလာပြီး သညာ၏ သဘောအမှန်ကို စတင်နားလည်ခွင့်ရပေမည်။ ထိုသို့ သညာပရမတ်အပေါ်တွင် အမြင်စင်ကြယ်လာပါက ဉာဏ်ရင့်သန်လာသော အခါတွင် မြင်လျှင် ရူပသညာ (အဆင်း)၊ ကြားလျှင် သဒ္ဒသညာ (အသံ) စသည်ဖြင့် ဂန္ဓသညာ (အနံ့)၊ ရသသညာ (အရသာ)၊ ဖောဋ္ဌဗ္ဗသညာ (အထိ)၊ ဓမ္မသညာ (သဘော) အနေဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ လွတ်အောင် သိမြင်ခွင့် ရရှိလာပေမည်။

ထို့ကြောင့် သညာအပေါ်မှာ ဖုံးလွှမ်းနေသော အဝိဇ္ဇာ၊ တဏှာ၊

ဥပါဒါန်တို့ကို ပယ်နိုင်သောအခါ သညာသည် ငါမဟုတ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်။ သညာသည် မှတ်သားတတ်သောသဘောမျှ သတ္တိရှိသော သညာ အဖြစ် သိမြင်သွားပြီး မှတ်သားမှု သက်သက်ဆိုသော ကြိယာသဘာဝကို ဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်ပေမည်။

ဤသို့ဖြင့် သညာ၏မမြဲမှု၊ အခိုင်အမာ အနှစ်သာရမရှိမှုတို့ကို သိမြင်ခြင်းဖြင့် သညာအပေါ်မှာ အဝိဇ္ဇာကြောင့် အမှန်မမြင်ခြင်း၊ တဏှာ ဥပါဒါန်ကြောင့် တွယ်တာစွဲလမ်းခြင်းစသော သမုဒယများကို ပယ်ရှားနိုင်ခြင်းကြောင့် နောက်ဘဝ၊ နောက်ခန္ဓာဆိုသော သညာခန္ဓာများ အသစ်တစ်ဖန် မဖြစ်ပေါ်ခြင်းဖြင့် ချုပ်ငြိမ်းသော နိရောဓသစ္စာသို့ ဆိုက်ရောက်နိုင်လေသည်။

သညာကို ဉာဏ်ဖြင့် သိမ်းဆည်းနိုင်သကဲ့သို့ ကျန် ဝေဒနာ၊ သင်္ခါရ၊ ဝိညာဏ်များကိုလည်း မိမိပါရမီအလိုက်ဉာဏ်မှာ ထင်ရှားလာသည့် အတိုင်း အကြောင်းတရားနှင့်တကွ ဖြစ်ပေါ်လာသော ပရမတ်တရားတို့ အပေါ်တွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတင်ပြီး နှလုံးသွင်း ပွားများခြင်းဖြင့် ဝိပဿနာအလုပ်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် တိုင်အောင် အားထုတ်နိုင်ကြပေမည်။

## " ပစ္စယပရိဂ္ဂဟဉာဏ် "

ပစ္စယသည် အကြောင်းဖြစ်၍ ပရိဂ္ဂဟသည် သိမ်းဆည်းခြင်း ဖြစ်သည်။ ရုပ်နာမ်တို့၏အကြောင်းတရားတို့ကို ရှာဖွေ၍ သိမ်းဆည်း တတ်သောဉာဏ် ဖြစ်သည်။ ပစ္စယပရိဂ္ဂဟဉာဏ်သည် ဝိစိကိစ္ဆာကို တဒင်္ဂ ပယ်သတ်နိုင်သည့်အပြင် (၆၂)ပါးသော ဒိဋ္ဌိတို့ကိုလည်း ဝိက္ခမ္ဘန ပဟာန်ဖြင့် ခပ်ကြာကြာပယ်ခွါနိုင်၏။ (ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဝိကမန္တိ။ ဝိသုဒ္ဓိ - ၂၊၂၃၉)
ပစ္စယပရိဂ္ဂဟဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိဟူ၍င်း၊ ဓမ္မဋ္ဌိတိဉာဏ်ဟူ၍င်း၊

ယထာဘူတဉာဏ်ဟုငှင်း၊ သမ္မာဒဿနဟုငှင်း ခေါ်ဆိုနိုင်သေးသည်။ (ဝိသုဒ္ဓိ -၂ ၊၂၃၉) ပစ္စယပရိဂ္ဂဟဉာဏ် ခေါ် ယထာဘူတဉာဏ်ကို မရလျှင် (အားနဲသောဝိပဿနာ)ဖြစ်၍ ရှေ့သို့ ဉာဏ်မတက်နိုင်ပဲ ရှိပေမည်။ (ဝိနိစ္ဆယ အမှတ် (၁၄ - ၂၀၀၆)

ဒိဋ္ဌိဖြုတ်ဟူသောစကားသည် အရေးပါလှပါသည်။ ဒိဋ္ဌိကိုဖြုတ်ရာ၌ တဒင်္ဂ၊ ဝိက္ခမ္ဘန၊ သမုစ္ဆေဒ၊ ပဋိပဿဒ္ဓိ၊ နိဿရဏ-ပဟာန်တို့တွင် တဒင်္ဂပဟာန်နှင့်ပယ်သတ်ရပါသည်။ နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ဒိဋ္ဌိကိုဖြုတ်ပစ်ရပါသည်။ ရှေးဦးစွာ ရုပ်တုံးရုပ်ခဲကြီးကို ဉာဏ်ဖြင့် အစိတ်စိတ် ခွဲပစ်ရသည်။ ပထဝီသည် ကြမ်းတမ်းခြင်းလက္ခဏာရှိ၏။ ဖေါက်ပြန်တတ်၏။ ဖေါက်ပြန်တတ်သော သဘောကို ရုပ်ဟုသိမှတ်ရ၏။ ဝေဒနာသည် အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာရှိ၏။ ခံစားခြင်းသဘောကို ဝေဒနာဟုသိမှတ်ရ၏။ ဤသို့ ရုပ်နာမ်တို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တို့ဖြင့် ဉာဏ်မှာသိမြင်သူကို နာမရူပပရိစ္ဆေဒ ဉာဏ်ရှိသူဟုခေါ်ဆိုရလေသည်။

ထိုသူသည် ဒိဋ္ဌိကိုဖြုတ်ထားသော ယောဂီဖြစ်သော်လည်း ဝိပဿနာ အားထုတ်နေသူဟု မဆိုနိုင်သေးချေ။ ထိုသူသည် ဝိပဿနာအားထုတ်သည် ရှိသော် သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်(အနုစား)ကို ရရှိနိုင်လေသည်။ (အားနဲသောဝိပဿနာ)သည် နုနယ်နေသည်။ အတ္တဂါဟ (အတ္တစွဲယူခြင်း)ကို မပယ်နိုင်ချေ။ ဥပက္ကိလေသခေါ်သော ဝိပဿနာညစ်ငြူးကြောင်း (၁၀)ပါးကို မလွန်နိုင်ပေ။ ဝိပဿနာဉာဏ်လမ်းဆုံးနေပေပြီ။ ဉာဏ်စဉ်မတက်တော့ချေ။

## " ရုပ်နာမ်တို့၏အကြောင်းတရားများ "

ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့သည် ရုပ်တရားတို့၏အကြောင်း တရားများဖြစ်သည်။ ကံကြောင့် ကမ္မဇရုပ်များဖြစ်သည့် မျက်စိအကြည်ရုပ်၊

နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ကိုယ်အကြည်ရုပ်နှင့် ဟဒယဝတ္ထုရုပ်တို့ ဖြစ်ပေါ်ကြသည်။ စိတ်ကြောင့် စိတ္တဇရုပ်၊ ဥတုကြောင့် ဥတုဇရုပ်၊ အာဟာရကြောင့် အာဟာရဇရုပ်တို့ ဖြစ်ပေါ်ကြသည်။ စိတ္တဇရုပ်သည် အလွန်ထင်ရှား၏။ လျောင်းထိုင်ရပ်သွားရုပ်တို့သည် လျောင်းချင်၊ ထိုင်ချင်၊ ရပ်ချင်၊ သွားချင်သောစိတ်ကြောင့်ဖြစ်၏။ စိတ်သည် အာရုံကြောင့်ဖြစ်၏။ အဝိဇ္ဇာကြောင့် ရုပ်ဖြစ်၏။ တဏှာကြောင့် ရုပ်ဖြစ်၏။ အဟာရကြောင့် ရုပ်ဖြစ်၏။ ဤသို့စသည်ဖြင့် ရုပ်ကိုသိမ်းဆည်းအပ်၏။

အာရုံ(၆)ပါးနှင့် ဒွါရ(၆)ပါးတိုက်မှုတို့သည် နာမ်၏အကြောင်းတရားများဖြစ်၏။ ဥပမာ မျက်စိနှင့် အဆင်းတိုက်မှုကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ ဖြစ်ပေါ်ရသည်။ ထိုသို့သိခြင်းသည် စာသိ၊ သညာသိသာဖြစ်သည်။ ကိုယ်တွေ့ သိမြင်အောင်၊ ဆုံးဖြတ်ချက်ချပြီး ကိုယ်ပိုင်သိဖြစ်အောင် နှလုံးသွင်း အားထုတ်ရပေမည်။ ဥပမာ နာမည်ခေါ်သံက ကျေးဇူးပြုမှ မိမိမှာ (သညာ)ပေါ်ရသည်။ အရသာက ကျေးဇူးပြုမှ (ဝေဒနာ)ပေါ်ရသည်။ မျက်စိနှင့်မြင်ရမှု၊ ရုပါရုံက ကျေးဇူးပြုမှ လျှချင်သော (စေတနာ)ပေါ်ရသည်။ ထိသောအာရုံက ကျေးဇူးပြုမှ မာပျော့၊ ပူအေးကိုသိသော (ဝိညာဏ်)ပေါ်ရသည်။ အဆင်း၊ အသံ၊ အနံ၊ အရသာ၊ အထိစသော အာရုံတရားတို့က ကျေးဇူးပြုမှသာ နာမ်တရားတို့ ဖြစ်ပေါ်ရသည်ကို ခန္ဓာဉာဏ်ရောက် ပိုင်းပိုင်းခြားခြား သိမြင်ရပေမည်။

ထိုသို့ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်နှစ်ပါး ပြည့်စုံသောသူသည် အားကောင်းသော (ဗလဝ)ဝိပဿနာဉာဏ်ဖြစ်ပြီး ဘင်ဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဉာဏ်စဉ်တက်၍မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပေမည်။

## " ထိမှ သိတယ် "

ထိသိကို အများအားဖြင့် ကြားဖူးကြပါသည်။ သို့သော် ထိသော အာရုံမှ ကျေးဇူးပြုမှ သိမှု ဝိညာဏ်ဖြစ်ပေါ်ရသည်ကို အနတ္တအမြင်ဖြင့် ကိုယ်တိုင်သိမြင်အောင် နှလုံးသွင်းတတ်ရန် မလွယ်လှပါ။ ထိမှုဟူသော အကြောင်းတရားက ကျေးဇူးပြုပါမှ သိမှုဝိညာဏ်သည် အကျိုးတရားအနေဖြင့် သူသဘောသူဆောင်ကာ မရှိရာမှ (အသစ်)ဖြစ်ပေါ်လာသည်။ ထိမှုအကြောင်းတရားကင်းပါကလည်း ထိုဝိညာဏ်သည် ချက်ခြင်း ချုပ်ပျောက်ပါသည်။ အာဂန္တုဓမ္မသာဖြစ်လေသည်။ ဝိညာဏ်သည် မွေးသည်မှ သေဆုံးသည်အထိ အမြဲရှိနေသော အခိုင်အမာ အနှစ်သာရမျိုး၊ အမာခံမျိုး မဟုတ်ပါ။ ထိုကြောင့် သိမှုဝိညာဏ်သည် မိမိနှင့်မသက်ဆိုင်ပဲ သူသဘောသူဆောင်၍ (အကြောင်း အကျိုး)အားဖြင့် ဖြစ်ပေါ်ချုပ်ပျောက်နေသောကြောင့် ငါလည်းမဟုတ်၊ ငါ၏ ဥစ္စာလည်း မဟုတ်ပါ။ ထိုသို့ သိမြင်နှလုံးသွင်းနိုင်ပါက ရုပ်နာမ်အပေါ်တွင် အနတ္တလက္ခဏာဝင်ကာ ဝိပဿနာကို ပွါးများအားထုတ်နိုင်ပေမည်။

## " သမာဓိ နှင့် ပညာ "

ဝင်လေထွက်လေ၌ဖြစ်စေ၊ စင်္ကြံလျှောက်၍ဖြစ်စေ၊ သွားနှင့် ကြိတ်ဝါး၍ဖြစ်စေ၊ လက်နှင့်ကိုင်၍ဖြစ်စေ၊ ထိနေသော သဘောမှတစ်ပါး နာမည်၊ သဏ္ဍာန်များ ပညတ်များမပါရအောင် ထိနေသောအာရုံမှ မပျံလွင့်အောင် ထိနေသော အာရုံသက်သက်ပေါ်မှာပဲ လယ်တီဆရာတော် ဘုရားကြီး ဟောကြားသကဲ့သို့ (ကွက်ကြား) တည်နေအောင် သမာဓိ လိုအပ်ပါသည်။ ထိုသမာဓိ မပြည့်စုံလျှင် လေနှင့် နှာခေါင်း၊ ခြေထောက်နှင့် ကြမ်း၊ အစာနှင့် လျှာ၊ လက်နှင့် ခွက်စသည်ဖြင့် စိတ်ပျံ့လွင့်သွားသောကြောင့် နာမသဏ္ဍာန် ပညတ်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ထိုထိနေသော အာရုံမှလွဲ၍

တခြားသို့ မပျံ့လွင့်အောင် သမာဓိထူထောင်ရပေမည်။

သမာဓိထူထောင်ပုံမှာ ဝင်လေထွက်လေ (သို့မဟုတ်)ဖေါင်းပိန် (သို့မဟုတ်) နာမှု ကျင်မှုစသည့် အာရုံတစ်ခုကို အောက်မေ့မှုသည် သတိဖြစ်သည်။ ထိုအာရုံမှ တစ်ခြားအာရုံများသို့ လျှောကျမသွားအောင် ပင့်တင် ချီးမြှောက်ထားမှုသည် ဝီရိယဖြစ်သည်။ သတိကအောက်မေ့ထားသော အာရုံကို ဝီရိယဖြင့် ထိန်းသိမ်းနိုင်မှုကြောင့် တစ်ခြားအာရုံသို့ မပျံ့လွင့်ပဲ ထိုအာရုံ အပေါ်၌ကပ်၍ စူးစိုက်တည်ကြည်နေမှု သမာဓိသည် ဖြစ်ပေါ်လာလေသည်။

ဥပမာ သေနတ်ပစ်ခြင်းနှင့် တူလေသည်။ ပစ်မှတ်ကိုယူခြင်းသည် သတိဖြင့် အာရုံတစ်ခုကို အောက်မေ့ခြင်းနှင့်တူ၏။ ပစ်မှတ်ကို ချိန်ခြင်းသည် ဝီရိယနှင့်တူ၏။ သတိ ဝီရိယအစွမ်းဖြင့် ပစ်မှတ်အာရုံအပေါ်တွင် တည်ငြိမ်မှုရှိလာအောင် အားထုတ်ခြင်းဖြင့် ပစ်မှတ်အာရုံအပေါ်၌ ကပ်၍တည်ကြည်မှု သမာဓိသည် ဖြစ်ပေါ်လာလေသည်။

မိမိယူထားသော မူလကမ္မဋ္ဌာန်းအာရုံမှ စိတ်ပျံ့လွင့်သွားပါက သတိရှိလျှင် ချက်ခြင်းသတိပြုမိ၍ မူလကမ္မဋ္ဌာန်းအာရုံသို့ ပြန်လည်ဆွဲတင်ပြီး ထိုအာရုံမှလျှောကျမသွားအောင် ပင့်တင်ချီးမြှောက်ထားမှုသည် ဝီရိယပင် ဖြစ်လေသည်။ ထို့ကြောင့် ဝီရိယအားကောင်းပါမှ သတိ၏အစွမ်းဖြင့် သမာဓိသည် ဖြစ်ပေါ်လာပေမည်။ သမာဓိအရာတွင် ပါရမီကို ငဲ့စရာမလိုပေ၊ ဝီရိယသာ လိုရင်းဖြစ်ပေသည်။ ထိုအခါ သမာဓိ၏အစွမ်းဖြင့် ထိုထိနေသော အာရုံ၌ (ကွက်ကြား)တည်နေပါက ရုပ်ပရမတ်တို့ကို ကောက်တတ်သော ဉာဏ်ပညာလိုအပ်လေသည်။ ထိသောအာရုံပေါ်တွင် ဓါတ် (၄)ပါး အစုအဝေးမှ ထင်ရှားရာကို ဉာဏ်ဖြင့် သိမ်းဆည်းတတ်ရပေမည်။

ဥပမာ - လက်ထိပ်ဖြင့် စားပွဲပြင်ပေါ်တွင် ဖိကြည့်ပါ။ တွေ့ထိသော အခြင်းအရာ ဖြစ်ပေါ်ရန်အတွက် နောက်မှတွန်းထိုး ထောက်ကန်သော

သဘောသည်ရှိရ၏။ ထိုဝါယောဓါတ်၏ တွန်းမှုအစွမ်းကြောင့် လက်ထိပ်တွင် သိပ်သည်းခြင်း (ပထဝီဓါတ်)၏ဖေါက်ပြန်မှုသည် ဖြစ်ပေါ်လာ၏။ တွန်းမှု ဝါယောဓါတ်သည်လည်း တေဇောဓါတ်စွမ်းအား မရှိပဲနှင့်မဖြစ်နိုင်။ လှုပ်ရှားမှုတိုင်းတွင် စွမ်းအင်လို၏။ ထိုတေဇော၊ ဝါယော၊ ပထဝီဓါတ်သုံးပါးတို့ကို အညီအညွတ် တစ်ပေါင်းတည်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းမှုသဘော အာပေါဓါတ်ရှိရလေသည်။ ဤသို့ဖြင့် ထိမှုတစ်ခုတွင် ဉာဏ်၏အာရုံအနေဖြင့်သာ ဓါတ် (၄)ပါးတို့ကို သိမ်းဆည်းနိုင်လေသည်။

## " လက် နှင့် စားပွဲပျောက် နာမ်ရုပ်ရောက် "

လက်ထိပ်နှင့် စားပွဲပြင်အပေါ် ထိရာတွင် အထက်ပါအတိုင်း ဉာဏ်ဖြင့် ဓါတ် (၄)ပါးတို့ကို သိမ်းဆည်းတတ်ပါက လက်လည်းပျောက် စားပွဲလည်းပျောက်ပြီး ဓါတ်(၄)ပါးဆိုသော ရုပ်၏ဖေါက်ပြန်ပြောင်းလဲမှုသဘောကို ဉာဏ်ဖြင့် သိမြင်နိုင်ပေသည်။ ရုပ်နှင့်နာမ်သဘောကို ထိမှုကရုပ်၊ သိမှုကနာမ်ဟုဆိုသော်လည်း သမုတိနယ်မှသူသိ၊ ငါသိသဘောမျိုး မဟုတ်ပါ။ သတိ၊ သမာဓိ၊ ပညာဖြင့် နှလုံးသွင်းနိုင်ပြီး ဉာဏ်ဖြင့်သာ ခွဲခြမ်းစိတ်ဖြာသိနိုင်သော ပရမတ်အမြင်မျိုးဖြစ်ကြောင်းကို အထူးသတိပြုသင့်ပါသည်။

## " ဝဋ်သုံးပါး နှင့် အခြေခံဉာဏ် (၂) ပါး "

| (ဝိပါကဝဋ်) | | (ကိလေသဝဋ်) | (ကမ္မဝဋ်) |
|---|---|---|---|
| ဝိညာဏ် | | အဝိဇ္ဇာ | သင်္ခါရ |
| နာမ်ရုပ် | ရုပ်နာမ်နှစ်ပါး | တဏှာ | ကမ္မဘဝ |
| သဠာယတန | ခန္ဓာငါးပါး | ဥပါဒါန် | |
| ဖဿ | | | |
| ဝေဒနာ | | | |

ပဋိစ္စသမုပ္ပါဒ်ဟူသည် ပစ္စယပရိဂ္ဂဟဉာဏ်ကို ဟောပြသောဒေသနာတော်ဖြစ်သည်။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပြည့်စုံသောသူသည် ပဋိစ္စသမုပ္ပါဒ်ကို သိမြင်ပါက ရုပ်နာမ်မှတစ်ပါး အခြားအတ္တကောင်မရှိ။ အကြောင်းတရားတို့အဆက်မပြတ်ဖြစ်ခြင်းကြောင့် အကျိုးတရားတို့အဆက်မပြတ်ဖြစ်ခြင်း (ပစ္စယာကာရ)ကို သိမြင်သောသူအား (ဥစ္ဆေဒဒိဋ္ဌိ)ကင်းပျောက်၏။ အကြောင်းတရားတို့ချုပ်ခြင်းကြောင့် အကျိုးတရားတို့ချုပ်ပျောက်ခြင်း (ပဋိလောမ ပစ္စယာကာရ)ကို သိမြင်သောသူအား (သဿတဒိဋ္ဌိ)ကင်းပျောက်၏။ ထိုသို့ အစွန်းနှစ်ပါးတို့မှ မကပ်ရောက်မူ၍ မဇ္ဈိမပဋိပဒါအကျင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူခြင်းဖြစ်သည်။

မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ ထိဆဲ၊ တွေးဆဲ တို့တွင် ဖြစ်ပေါ်သော ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့သည် အတိတ်က အကြောင်း(ကံ)ကြောင့် ဖြစ်ပေါ်နေသော အကျိုးတရား (ဝိပါကဝဋ္ဋ) ဖြစ်ပါသည်။ ၎င်းရုပ်နာမ်ကို ပုဂ္ဂိုလ်၊ သတ္တဝါလို့သိတာသည် အဝိဇ္ဇာ၊ နှစ်သက်တာသည် တဏှာ၊ စွဲလမ်းတာသည် ဥပါဒါန်ဖြစ်ပါသည်။ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်)တို့သည် ကိလေသာဝဋ္ဋတို့ ဖြစ်ကြ၍ ကိလေသာပါဝင်သော ကာယ၊ ဝစီ၊ မနောနှင့် အားထုတ်မှု (သင်္ခါရ) များကြောင့် ကုသိုလ်၊ အကုသိုလ်(ကံ)များဖြစ်ပေါ်ကြခြင်းသည် (ကမ္မဝဋ္ဋ) ဖြစ်သည်။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးဆိုသော အကျိုးတရား (ဝိပါကဝဋ္ဋ) အပေါ်တွင် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) ကိလေသာဝင်သောကြောင့် (ကံ) ဖြစ်ပေါ်ကာ အကြောင်းတရား(ကမ္မဝဋ္ဋ)အနေဖြင့် သံသရာလည်ရခြင်း ဖြစ်သည်။ ကိလေသာဝဋ္ဋချုပ်လျှင် ကမ္မဝဋ္ဋချုပ်၏။ ဤသို့ဖြင့် အကြောင်း (ကံ)ချုပ်ပါက အကျိုး(ဇာတိ)ချုပ်ကာ သံသရာရပ်တော့သည်။

ဥပါဒါန ပစ္စယာ ကမ္မဘဝဆိုသော ဒေသနာတော်အရ ကုသိုလ်

အကုသိုလ်(ကံ)တို့သည် (ဥပါဒါန်)ကြောင့် ဖြစ်ပေါ်နေသည်ဟုဆို၏။ ထိုကံတို့သည် ဥပါဒါန်ကပ်သော ကာယ၊ ဝစီ၊ မနော စေတနာ(ကံ)တို့ဖြင့် အားထုတ်မှုကြောင့် ဖြစ်ပေါ်ရသည်။ ဥပါဒါန်ကို ဉာဏ်ဖြင့် ကောက်တတ်ပါက မိမိ၏ ကာယ၊ ဝစီ၊ မနော စေတနာ (ကံ)တို့တွင် (ဥပါဒါန်)ကိုမိလျှင် အကြောင်းကို သိမ်းဆည်းနိုင်သော ပစ္စယပရိဂ္ဂဟဉာဏ်ကို ရလေသည်။

ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဥပါဒါန် ကပ်၊ မကပ်ကို နှလုံးသွင်း ဆင်ခြင်ခြင်းဖြင့် ဥပါဒါန်ကပ်တာကို နောက်မှသတိဖြင့် အသိလိုက်နိုင်လျှင်လည်း ဥပါဒါန် ဖြစ်ပျက် သိတာကမင်္ဂဖြစ်၏။ စိတ်သည် တစ်ကြိမ်တွင် နှစ်စိတ် ပြိုင်မဖြစ်ပေ။ ဥပါဒါန်ကပ်သော အချိန်တွင် ဥပါဒါန်ကို သိနိုင်သောဉာဏ်မဖြစ်ပေါ်သေး။ သတိဖြင့် အသိလိုက်နိုင်သောအချိန်တွင်လည်း ဥပါဒါန် မရှိတော့ချေ၊ ချုပ်ပြီးဖြစ်၏။ ဥပါဒါန်ပါဝင်သောစိတ်သည် ကိလေသဝဋ်ဖြစ်၍ အသိလိုက်ခြင်းဖြင့် ကိလေသဝဋ် တဒင်္ဂချုပ်လေသည်။ ကိလေသဝဋ်ချုပ်လျှင် ကမ္မဝဋ်ချုပ်၏။ ကမ္မဝဋ်ချုပ်ပါက နောက်ဘဝ၊ နောက်ခန္ဓာဆိုသော ဝိပါကဝဋ်ချုပ်ကာ သံသရာဝဋ်ဆင်းရဲ ရပ်တော့သည်။ မြင်မှုအပေါ်တွင် ဥပါဒါန်မကပ်တာကို သိနိုင်လျှင်လည်း သတိဖြင့်အသိလိုက်ခြင်းကြောင့် မောဟချုပ်၏။ မောဟမရှိတာကို မောဟမရှိမှန်းသိလျှင်လည်း သတိပဋ္ဌာန် ဖြစ်ပါသည်။ ဤသို့ဖြင့် ပဋိစ္စသမုပ္ပါဒ်၏ဝင်္ဂ(၃)ပါးနှင့် အကြောင်းအကျိုးကို ခန္ဓာဉာဏ်ရောက်သိမြင်လျှင် အခြေခံဉာဏ်နှစ်ပါးကို ရရှိနိုင်လေသည်။

## “ဥပါဒါန် နှင့် အကြောင်းတရား”

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အာရုံနှင့် ဒွါရတိုက်မှုကြောင့် ဖြစ်သောခန္ဓာသည် အကျိုးခန္ဓာသာဖြစ်သည်။ ဝိပါက်ခန္ဓာဟုလည်း ခေါ်၏။ ၎င်းတွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ မပါဝင်သေးချေ။ ၎င်းအကျိုးခန္ဓာ

အပေါ်တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဖြစ်သော ကိလေသာဝင်ပါက ကာယ၊ ဝစီ၊ မနောသင်္ခါရဖြင့် အားထုတ်မှုကြောင့် ကံမြောက်ပြီး အကြောင်းတရား ဖြစ်ပေါ်ရလေသည်။ ၎င်းအကြောင်းတရားသည် နောက်ဘဝ၊ နောက်ခန္ဓာကို ဖြစ်ပေါ်စေနိုင်သည်။ ထိုကြောင့် ဝိပဿနာသည် အကျိုးခန္ဓာမှ အကြောင်းတရား မဖြစ်ပေါ်အောင် နှလုံးသွင်းရခြင်း ဖြစ်သည်။ ထိုသို့ နှလုံးသွင်းနိုင်ရန် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုသော အကြောင်းတရားတို့ကို သိမ်းဆည်းနိုင်ရပေမည်။

၎င်းအကြောင်းတရား (၃)ပါးတို့တွင် ဥပါဒါန်သည် ထင်ရှားသဖြင့် သိမ်းဆည်းရန် လွယ်ကူနိုင်လေသည်။ ထိုကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဥပါဒါန်ကပ်၊ မကပ်ကို သတိထားကြည့်ပါက ပယ်ရမည့် အကြောင်းတရားတို့ကို ပထမဦးစွာ ဉာဏ်ဖြင့် သိမ်းဆည်းနိုင်ပေမည်။

စွဲလမ်းနိုင်ရာဖြစ်သော စက္ခုဝိညာဏ် (မြင်သိမှု)အပေါ်တွင် ဥပါဒါန် ကပ်ပါက အကြောင်းတရားဖြစ်၍ ဥပါဒါန် မကပ်ပါက အကျိုးခန္ဓာသာ ဖြစ်လေ သည်။ ထို့အတူ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့အပေါ်တွင်လည်း ဥပါဒါန် ကပ်ပါက အကြောင်းတရားများဖြစ်ကြပြီး ဥပါဒါန် မကပ်ပါက အကျိုးခန္ဓာ များသာ ဖြစ်ကြလေသည်။

ထိုသို့ အကျိုးတရားရုပ်နာမ်တို့ကို ပိုင်းခြားသိမြင်နေခြင်းသည် အကြောင်းတရား (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်)ကို ပယ်နေခြင်းလည်း ဖြစ်သည်။ ထိုကြောင့် ဥပါဒါန်ကို သိမ်းဆည်းနိုင်ခြင်းသည် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရသည့်အပြင် အကြောင်းတရား (သမုဒယ)ကိုပါ တဒင်္ဂပယ်နိုင်လေသည်။ ဤသို့ဖြင့် အကျိုးတရားရုပ်နာမ်တို့အပေါ်တွင် လက္ခဏာ(၃)ပါးတင်၍ ပွားများနှလုံးသွင်းရင်း ဝိပဿနာဉာဏ်များ အဆင့်ဆင့်ရင့်ကျက်ကာ မဂ်ဉာဏ်

ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြပေမည်။

## " ဥပါဒါန် နှင့် အနတ္တ "

ဥပါဒါန်သည် သူ့သဘောသူဆောင်၏။ မြင်သမျှ ကြားသမျှ နံသမျှ စားသမျှ ထိသမျှကို ဥပါဒါန်က မယူချေ။ မနောမှာရှိသော ဥပါဒါန်က သူကြိုက်ရာကိုသာ စွဲယူ၏။ ဥပမာ ထမင်းနှင့်ဟင်းစားသောအခါ ဥပါဒါန်သည် ထမင်းစားနေသော်လည်း ထမင်း၏အရသာကို မယူချေ။ ဟင်း၏အရသာကိုသာ စွဲယူပြီး စိတ်ထဲမှာ ကောင်း၊ မကောင်း မနောကံ ဖြစ်ပေါ်သွားတော့သည်။ ထို့အတူ မြင်သမျှ ကြားသမျှကိုလည်း ဥပါဒါန်က မစွဲပါ၊ ဥပါဒါန်နှင့် မစွဲပါက မြင်ကာမျှ ကြားကာမျှသာဖြစ်လေသည်။ ထိုထက်စိတ်မှာ အပို မဖြစ်ပါ။ ဥပါဒါန်ကပ်သော မြင်မှု ကြားမှုတို့ကိုသာ စိတ်မှာ စွဲလမ်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဥပါဒါန်သည် သူ့သဘောသူဆောင်ပြီး သူ့အလိုအတိုင်း သူကြိုက်ရာကိုသာ စွဲယူကြောင်း သတိပဋ္ဌာန်ရှိလျှင် ဥပါဒါန်၏ အနတ္တသဘောကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်နိုင်ပေမည်။ ထိုအခါ ငါ့အလို မဟုတ်ပဲ ဥပါဒါန်နှင့် စွဲလမ်းမှုသာဖြစ်ကြောင်းကို ဓမ္မသဘာဝအရှိအတိုင်း ပုဂ္ဂိုလ် သတ္တဝါအမြင်ကို ကျော်လွန်အောင် ထိုးထွင်း သိမြင်နိုင်ပေမည်။

## " အတ္တ နှင့် အနတ္တ "

အကြောင်းအကျိုး ဆက်နွယ်မှုတွင် အကျိုးတရားအပေါ်တွင် ပုဂ္ဂိုလ်အလိုအတိုင်း အစိုးရသည်၊ မိမိအလိုအတိုင်း ဖြစ်သည်ဟု ထင်မြင်ယူဆလျှင် အတ္တအယူဖြစ်သည်။ ပုဂ္ဂိုလ်အလိုမပါပဲ အကျိုးတရားသည် အကြောင်းအားလျော်စွာ ဖြစ်သည်ဟုယူလျှင် အနတ္တအယူဖြစ်သည်။ ၎င်းကို လက်တွေ့ သုံးသပ်လိုလျှင် လက်ခုပ်တီးကြည့်ပါ။ လက်ခုပ်တီး ခြင်းသည် အကြောင်းဖြစ်၍ လက်ခုပ်သံမည်ခြင်းသည် အကျိုးဖြစ်သည်။

ထိုအခါ လက်ခုပ်တီးခြင်း အကြောင်းရှိနေပါလျှက် လက်ခုပ်သံ မမည်ပါနှင့် ဟု အကျိုးတရားအပေါ်တွင် ပုဂ္ဂိုလ်အလိုအတိုင်း အမိန့်ပေး၍အစိုးမရသလို လက်ခုပ်မတီးပဲ လက်ခုပ်သံ မည်အောင်လည်း လုပ်၍မရပါ။ ထိုကြောင့် မိမိအလိုဖြင့် အကျိုးတရားအပေါ်တွင် အစိုးမရပဲ အကျိုးတရားသည် ပုဂ္ဂိုလ်အလိုမပါပဲ အကြောင်းအားလျှော်စွာပင် ဖြစ်ပေါ်ရလေသည်။ ဤသို့ လက်တွေ့ကျကျ သိမြင်ပါက သဘာဝတွင် အတ္တသဘောမရှိပဲ အနတ္တ သဘောသာ ရှိသည်ကို ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ပေမည်။

## " မိမိသည် အကြောင်းတရားကိုသာ အားထုတ်ရ၏။ "

အခန်းတစ်ခုတွင် မှောင်နေပါက ထိုအမှောင်ကို ဖယ်ချင်လျှင် အမှောင်ကို တိုက်ရိုက်ဖယ်၍ မရပေ။ အလင်းဆိုသော အကြောင်းတရား ကိုသာ အားထုတ်ရခြင်း ဖြစ်ပါသည်။ အလင်းဖြစ်ပေါ်သည်နှင့် အမှောင် ချုပ်ပျောက်ရခြင်းသည် သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်လာလေသည်။ မိမိသည် အမှောင်ဖယ်ခြင်းဆိုသော အကျိုးတရားနှင့် မသက်ဆိုင်ပဲ၊ အလင်းဖြစ်ပေါ်ရန် အကြောင်းတရားကိုသာ အားထုတ်ရခြင်း ဖြစ်သည်။ ထိုကြောင့် အကျိုးတရားသည် မိမိအလိုနှင့် မသက်ဆိုင်ပဲ အကြောင်းတရားတို့ ညီညွတ်ပြည့်စုံလာသောအခါ သူ့သဘောသူဆောင်ပြီး အသစ် အသစ် အနေနှင့် ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။

## " သမုတိ အကြောင်းအကျိုး "

သမုတိနယ်တွင် အကြောင်းအကျိုးကို လူတိုင်း နားလည် ကြပါသည်။ အကြောင်းကောင်းလို့ အကျိုးကောင်းတာ၊ အကြောင်းဆိုးလို့ အကျိုး ဆိုးတာဆိုပြီး အကြောင်းတရားသည် အကျိုးတရားအပေါ်ကို တိုက်ရိုက် ဆက်နွယ်နေမှု (Connection)သဘောမျိုး ဖြစ်နေသည်။ ဥပမာအနေဖြင့်

အကြောင်းတရားသည် အကျိုးတရားကို မွေးဖွားလိုက်သည့်သဘောမျိုး ဖြစ်သည်။ ပရမတ်နယ်တွင် အကြောင်းတရားသည် အကျိုးတရားအပေါ်တွင် တိုက်ရိုက် ဆက်နွယ်ခြင်း သဘောမျိုး မရှိပါ။ အကြောင်းတရားသည် အကျိုးတရားကို အခြေအနေပေးမှု (Condition) အနေဖြင့်သာ ကျေးဇူးပြုပေးခြင်းမျိုး ဖြစ်သည်။ အကျိုးတရားသည် အကြောင်းတရားတို့ ပြည့်စုံညီညွတ်သည်နှင့် တစ်ပြိုင်နက် သူ့သဘောသူဆောင်ပြီး သဘာဝတရား (အသစ်) တစ်ခုအနေဖြင့် (မရှိရာမှ) အသစ်ဖြစ်ပေါ်လာခြင်းမျိုးဖြစ်သည်။

ဥပမာ - ရေကို မီးအပူပေးပါက မီးပူလို့ ရေပူတာလို့ အပူ ကူးပြောင်းသကဲ့သို့ တိုက်ရိုက် ကြောင်းကျိုး ဆက်နွယ်မှု (Connection) သဘောမျိုး ယူလျှင် သမုတိနယ်မှ အပူကူးပြောင်းနေမှုအမြင်ဖြစ်၏။ မီးပူသည် ရေပူမှုအပေါ်တွင် တိုက်ရိုက် ကူးပြောင်းဆက်နွယ်နေခြင်းမျိုးဖြစ်သည်။

## " ပရမတ် အကြောင်းအကျိုး "

ပရမတ်နယ်တွင် မီးတွင်ရှိသော အပူတေဇောဓါတ်သည် ဖြစ်သည့်နေရာမှာပင် ချုပ်ပျောက်၏။ အပူဓါတ်သည် ကူးပြောင်းခြင်း နေရာပြောင်းရွှေ့ခြင်း လုံးဝမရှိပါ။ ရေပူခြင်းသည် ရေတွင်ရှိသော အေးသည့် တေဇောဓါတ်များ ချုပ်ပျောက်ပြီး ပူသည့် တေဇောဓါတ်များ သူ့သဘော သူဆောင်ကာ အသစ်အသစ် ဖြစ်ပေါ်နေခြင်းကြောင့် ဖြစ်သည်။ သို့သော် မီးဆိုသော အကြောင်းတရား၏ ကျေးဇူးပြုမှုနှင့်တော့ မကင်းနိုင်ချေ။ မီးသည် ရေပူမှုအပေါ်တွင် တိုက်ရိုက်ဆက်နွယ်မှု (Connection) သဘောမျိုး (ကူးပြောင်းခြင်း) မဟုတ်ပဲ အခြေအနေပေးမှု (Condition) အနေဖြင့်သာ (ကျေးဇူးပြုခြင်း) သဘောမျိုး ဖြစ်သည်။ ထို့ကြောင့် ရေပူခြင်းကိစ္စတွင် မီးသည် အပူဓါတ် အကြောင်းတရားတို့ လုံလောက် ပြည့်စုံမှုဖြင့် ကျေးဇူးပြုခြင်း

သဘောသာ ဖြစ်သည်။ ရေပူခြင်း အကျိုးတရား (ပူသည့်တေဇောဓါတ်)သည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ် ဖြစ်ပေါ်နေသော သဘာဝ တရားမျိုးသာ ဖြစ်ပါသည်။

နောက်ဥပမာတစ်ခုမှာ လေတိုက်၍ သစ်ရွက်လှုပ်ခြင်းဖြစ်သည်။ သမုတိနယ်တွင် လေတိုက်ခြင်းသည် အကြောင်းတရားဖြစ်၍ သစ်ရွက် လှုပ်ခြင်းသည် အကျိုးတရားဖြစ်သည်။ ၄င်းတွင် လေတိုက်ခြင်း အကြောင်း တရားသည် သစ်ရွက်လှုပ်ခြင်း အကျိုးတရားအပေါ်တွင် တိုက်ရိုက် ဆက်နွယ်နေသည်။ ပရမတ်နယ်တွင် လေတွင်ပါဝင်သော ဝါယောဓါတ်သည် လေမှာပင် ချုပ်ပျောက်၏၊ သို့သော် သစ်ရွက်လှုပ်ခြင်းသည် သစ်ရွက်တွင် ပါဝင်သော မူလတည်ငြိမ်ဝါယော ချုပ်ပျောက်၍ လှုပ်ရှားဝါယော အသစ် ဖြစ်ပေါ် လာသောကြောင့် သူ့သဘော သူဆောင်ကာ လှုပ်ရှားခြင်းဖြစ်ပါသည်။ ထိုသို့ လှုပ်ရှားဝါယော အသစ်ဖြစ်ပေါ်လာခြင်းသည် လေတိုက်ခြင်းဆိုသော အကြောင်းတရား၏ ကျေးဇူးပြုမှုနှင့်ကင်း၍ မဖြစ်ပေါ်နိုင်ချေ။ ထို့ကြောင့် အကြောင်းတရားသည် အကျိုးတရားအပေါ်တွင် တိုက်ရိုက် ဆက်နွယ်မှု (Connection)သဘောမျိုး ကူးပြောင်းခြင်းမရှိသော်လည်း အခြေအနေ ပေးမှု (Condition) သဘောမျိုးဖြင့်သာ ကျေးဇူးပြုပြီး အကျိုးတရားသည် သူ့သဘောသူဆောင်ကာ အသစ်အသစ် အနေနှင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ထို့အတူ ဖယောင်းတိုင် မီးကူးမှုတွင်လည်း ပထမ ဖယောင်းတိုင်မှ မီးသည် ဒုတိယဖယောင်းတိုင်မှ မီးစာကို တို့ထိခြင်းဟူသော အခြေအနေ ပေးမှု (Condition) အနေဖြင့်သာ ကျေးဇူးပြုခြင်းဖြစ်သည်။ ဒုတိယ ဖယောင်းတိုင်၌ မီးတောက်မှုသည် ဒုတိယ ဖယောင်းတိုင်ရှိ တေဇောဓါတ်က သူ့သဘောသူဆောင်ကာ မီးတောက် အသစ် ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။

မီးကူးပြောင်းခြင်း လုံးဝမရှိပါ။

လက်ခုပ်တီးမှုတွင်လည်း လက်ခုပ်တီးခြင်းဆိုသော အကြောင်းတရားတို့ ပြည့်စုံညီညွတ်သည်နှင့် လက်ခုပ်သံဆိုသော အကျိုးတရားသည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ လက်ခုပ်တီးခြင်းဆိုသော အကြောင်းတရားမှ လက်ခုပ်သံဆိုသော အကျိုးတရားကို မွေးဖွားလာခြင်းမျိုး မဟုတ်ပါ။

ထိုသို့ နားလည် သိမြင်လျှင် သမုတိနယ်တွင် အကြောင်းတရားသည် အကျိုးတရားအပေါ်၌ တိုက်ရိုက်ဆက်နွယ်မှု သဘောမျိုး ယူထားခြင်း ဖြစ်သည်။ ပရမတ်နယ်တွင် အကြောင်းတရားသည် အခြေအနေပေးမှုဖြင့်သာ ကျေးဇူးပြုမှုရှိပြီး အကျိုးတရားသည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ၎င်းအမြင်သည် အကြောင်းအကျိုးကို အနတ္တအမြင်ဖြင့် ပိုင်းခြား သိမြင်နိုင်သော အခြေခံသဘောတရား (ယသည-ခနစအ) တစ်ခုကို ရရှိပေသည်။ ထိုသို့ သိမြင်ခြင်းဖြင့် မိမိခန္ဓာတွင်လည်း ခန္ဓပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးကို အနတ္တဉာဏ်အမြင်ဖြင့် နားလည် သိမြင်အောင် နှလုံးသွင်း အားထုတ်ရပေမည်။

**“ ခန္ဓာ အကြောင်းအကျိုး ”**

| | | |
|---|---|---|
| မျက်စိ + အဆင်း | ⟶ | မြင်စိတ် |
| ( အကြောင်း ) | | ( အကျိုး ) |

အကြောင်းအကျိုးကို အနတ္တအမြင်ဖြင့် နှလုံးသွင်းတတ်လျှင် အကြောင်းတရားဖြစ်သော မျက်စိနှင့် အဆင်း တွေ့ဆုံတိုက်ဆိုင်မှုသည် မိမိ (စေတနာ)အားထုတ်မှုနှင့် သက်ဆိုင်သော်လည်း အကျိုးတရားဖြစ်သော မြင်စိတ်သည် အကြောင်းတရားတို့ ပြည့်စုံညီညွတ်မှုကြောင့်သာ သူ့သဘော

သူဆောင်ပြီး မရှိရာမှ အသစ်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အကြောင်းတရားတို့တွင် နီးသောအကြောင်းနှင့် ဝေးသောအကြောင်းဟူ၍နှစ်မျိုးရှိ၏။ မြင်မှုတွင် မျက်စိနှင့်အဆင်း တိုက်ဆိုင်မှုသည် နီးသော (ပစ္စယ)အကြောင်းဖြစ်၍ အတိတ်မှကံသည် ဝေးသော(ဟေတု) အကြောင်းဖြစ်ပါသည်။ သို့သော် အတိတ်မှကံသည် အဓိက ပိုကျပါသည်။ ဥပမာ - ကံကုန်၍ သေဆုံးပြီးသောသူကို မျက်စိနှင့် အဆင်း တိုက်ဆိုင် ပေးသော်လည်း မြင်စိတ်မဖြစ်ပေါ်နိုင်တော့ပါ။ ထို့ကြောင့် မြင်မှုတွင် အကျိုးတရား မြင်စိတ် ဖြစ်ပေါ်ရခြင်းသည် အတိတ်ကံဆိုသော (ဟေတု) အကြောင်းတရားသည် ပဓာနကျပါသည်။ အကြောင်းတရားတို့၏ အထောက်အပံ့ဖြင့်သာ ရုပ်နာမ်တရားတို့သည် ဖြစ်ပေါ်ရပါသည်။ ကိုယ်ပိုင်သတ္တိဖြင့် ဖြစ်တည်နိုင်စွမ်း မရှိပါ။

ထို့ပြင် မိဘနှစ်ပါးတွင် သားသမီးများ မွေးဖွားခြင်းကို အကြောင်း အကျိုး အားဖြင့် အနုတ္တဉာဏ်နှင့်လည်း သိမြင်နိုင်သည်။ မိဘနှစ်ပါး တွေ့ဆုံပေါင်းဖက်မှုသည် နီးသော (ပစ္စယ)အကြောင်းတရားဖြစ်၍ အတိတ်မှကံသည် ဝေးသော (ဟေတု)အကြောင်းတရား ဖြစ်သည်။ နီးသော အကြောင်းရှိသော်လည်း အတိတ်မှ ဝေးသော အကြောင်းကံ မရှိပါက သားသမီး မရနိုင်ပါ။ ထို့ကြောင့် မွေးဖွားလာသော သားသမီးသည် အကျိုးတရား ဖြစ်၍ သူ၏ကံအကြောင်းတရားအတိုင်း သူ့သဘောသူဆောင်၍ ဖြစ်ပေါ်လာသော အကျိုးတရားမျှသာ ဖြစ်လေသည်။ ဤကဲ့သို့ အကြောင်းအကျိုးကို အနုတ္တဉာဏ်ဖြင့် မသိမြင်နိုင်သောကြောင့် အတ္တအမြင်ဖြင့်သာ ငါ့သား၊ ငါ့သမီး အနေဖြင့် ခိုင်ခိုင်မြဲမြဲ စွဲစွဲလမ်းလမ်း ဖြစ်ပေါ်နေကြရခြင်း ဖြစ်ပါသည်။

**"ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး"**

အကြောင်းတရားတို့ ပြည့်စုံညီညွတ်ပါက အကျိုးတရားတို့သည်

သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အကြောင်းတရားတို့ ကျေးဇူးမပြုခင်ကလည်း ထိုအကျိုးတရားသည် ကြိုတင်၍ ဖြစ်ပေါ်မနေသလို အကြောင်းကင်းသည်နှင့်လည်း လုံးဝ ချုပ်ပျောက်ကြ၏။ အကြောင်းတရားသည် အကျိုးတရားကို ကိုယ်ဝန်ဆောင်ထားခြင်း မရှိသလို အကျိုးတရားသည်လည်း အကြောင်းတရားကိုယ်ဝန်မှ မွေးဖွားလာခြင်း မရှိပါ။ အကြောင်းတရားတို့ ပြည့်စုံညီညွတ်သည်နှင့် အကျိုးတရားတို့သည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အနေဖြင့် ဖြစ်ပေါ် လာခြင်း ဖြစ်သည်။

ဥပမာ မှန်ကို ကြည့်သောအခါ မှန်သားပြင်ပေါ်မှာ ဖြစ်ပေါ်သော မျက်နှာပုံရိပ်သည် မှန်သားလည်း မဟုတ်သလို မျက်နှာလည်း မဟုတ်ပါ။ မှန်သားနှင့် မျက်နှာကိုစွဲ၍ မရှိရာမှ အသစ်ဖြစ်ပေါ်လာသော ပဋိစ္စသမုပ္ပါဒ်တရားမျိုးသာ ဖြစ်သည်။ ထိုတရားသည် အခိုင်အမာ အနှစ်သာရ အမာခံမရှိသောကြောင့် ငါ ငါ့ဥစ္စာအနေဖြင့် အတ္တပြု၍မရသော အာဂန္တုခါတ်သက်သက်မျှသာဖြစ်လေသည်။

ထို့အတူ အာရုံနှင့် ဒွါရတိုက်မှုကြောင့် အသစ်ဖြစ်ပေါ်လာသော ဝိညာဏ်သည် အာဂန္တုခါတ်သက်သက်ဖြစ်၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် စွဲယူရနိုင်လောက်သော အမာခံသဘောမျိုး လုံးဝမရှိပါ။ ယင်းကဲ့သို့ အကြောင်းတိုက်ဆိုင်တိုင်း အကျိုးတရားတို့ အသစ်ဖြစ်ပေါ်လာပုံကို ပဋိစ္စသမုပ္ပါဒ်သဘောအားဖြင့် သိမြင်ခြင်းသည် အကြောင်းအကျိုး ဆက်နွယ်မှုကို အနတ္တအမြင်ဖြင့် သိမြင်ခြင်းဖြစ်သည်။ ထိုသို့ ဆက်နွယ်မှုကို အောက်ပါ (အတ္တနယ)နည်း (၄)မျိုးဖြင့် သိမြင်နားလည်နိုင်ပေမည်။

**(၁) ဧကတ္တနည်း** - အတိတ်အကြောင်းတရားနှင့် ပစ္စုပ္ပန်အကျိုး

တရား၊ ပစ္စုပ္ပန်အကြောင်းတရားနှင့် အနာဂါတ်အကျိုးတရားတို့သည် ကြောင်းကျိုးဆက်နွယ်လျှက် တစ်ဆက်တစ်စပ်တည်း စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ပန်းသီထားသကဲ့သို့ ရုပ်နာမ်အစဉ်၌ မပြတ်စဲမှုကို ထိုးထွင်းသိမြင်သဖြင့် ဘဝသည် ပုခက်နှင့် ခေါင်းအကြားမှာသာရှိ၏။ သေလျှင်ပြတ်၏ဟု စွဲယူထားသော ဥစ္ဆေဒဒိဋ္ဌိ အယူမှားကြီးကို ပယ်စွန့်နိုင်ပေမည်။

**(၂) နာနတ္တနည်း** - အကြောင်းတရားနှင့် အကျိုးတရားတို့သည် ဆက်နွယ်မှုရှိကြသော်လည်း ရုပ်နာမ်တို့၏ သဘာဝလက္ခဏာတို့သည် မတူညီကြပါ။ ထို့ကြောင့် အကြောင်းရုပ်နာမ်တို့ချုပ်ပြီး အကျိုးရုပ်နာမ်တို့ အသစ်ဖြစ်ပေါ်သောကြောင့် ၎င်းတို့၏လက္ခဏာများမှာလည်း တူညီမည် မဟုတ်ပါ။ ထိုသို့ သိမြင်ပါက အတ္တသည် မြဲ၏ဟူ၍ စွဲယူတတ်သော သဿတဒိဋ္ဌိ အယူမှားကြီးကို ပယ်စွန့်နိုင်လေသည်။

**(၃) အဗျာပါရနည်း** - အကြောင်းတရားသည် အကျိုးတရား ဖြစ်ပေါ်လာအောင် အားထုတ်သည့် ဗျာပါရ မရှိသလို အကျိုးတရားသည်လည်း အကြောင်းတရားရှိပါက ဖြစ်ပေါ်လိုက်မည်ဟု အားထုတ်သည့် ဗျာပါရမျိုး မရှိပါ။ အကြောင်းတရား ထင်ရှားဖြစ်ပေါ်သည်နှင့် အကျိုးတရားသည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်ဖြစ်ပေါ်လာခြင်းသာ ဖြစ် သည်။ (ဥပမာ သွားချင်သောစိတ်သည် အကြောင်းတရားအနေဖြင့် ထင်ရှားဖြစ်ပေါ်သည်နှင့်သွားသည့်ရုပ်သည် အကျိုးတရားအဖြစ်နှင့် သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာ၏။ အလိုလိုဖြစ်သည့် သဘောမျိုးမရှိပါ။)

**(၄) ဧဝံဓမ္မတာနည်း** - အကျိုးတရားသည် သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာသော်လည်း ဗရမ်းဗဒါ ဖြစ်ပေါ်ခြင်းမျိုး မဟုတ်ပေ၊

အကြောင်းအားလျော်စွာသာ ဖြစ်ပေါ်ရလေသည်။ ဥပမာ မျက်စိနှင့် အဆင်း တိုက်မှုကြောင့် မြင်စိတ်သာ ဖြစ်ပေါ်ရသည်။ ကြားစိတ်ဖြစ်ပေါ်ခြင်း မရှိပေ။

**“ အနတ္တ ဝေဖန်စီစစ်ပုံ ”**

အဆင်းသည် (အာရုံ) ဖြစ်၍ မျက်စိသည် (ဒွါရ) ဖြစ်သည်။ အာရုံ နှင့် ဒွါရ တိုက်မှုဆိုသော (အကြောင်းတရား)ရှိပါက စက္ခုဝိညာဏ် (မြင်စိတ်) ဆိုသော (အကျိုးတရား)သည် သူ့သဘောသူဆောင်ကာ အသစ်အသစ် ဖြစ်ပေါ်နေ၏။ အာရုံ၊ ဒွါရတိုက်သော အကြောင်းတရားနှင့် အကျိုးတရား ဝိညာဏ်မျှသာ ပါဝင်သော ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဓမ္မအစဉ်သာ ဖြစ်သည်ကို နှလုံးသွင်းပွားများရင်း ဉာဏ်ရင့်လာသောအခါ ပုဂ္ဂိုလ်၊ သတ္တဝါအမြင်ကို ကျော်လွန်ပြီး ထိုးထွင်းသိမြင်သွားလေသည်။

၄င်းကဲ့သို့ နှလုံးသွင်းပွားများခြင်းသည် ဝိပဿနာ သမ္မာသက်ပ္ပ မဂ္ဂင်ဖြစ်၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု မပါဝင်ပဲ ရုပ်နာမ် အကြောင်းအကျိုး ဆိုသော ဓမ္မသဘောမျှသာဖြစ်သည်ကို အနတ္တအမြင်ဖြင့် အမှန်အတိုင်း ဆုံးဖြတ်ချက် ချနိုင်ပါက သမ္မာဒိဋ္ဌိဖြစ်ပေမည်။

သမ္မာဒိဋ္ဌိဖြစ်သောအခါ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အာရုံနှင့် ဒွါရတို့ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာသော ထင်ရှားရှိသည့် အရှိတရား ပရမတ်သဘာဝအပေါ်တွင် ပုဂ္ဂိုလ်၊ သတ္တဝါပြု၍ အခိုင်အမာ အနှစ်သာရ အနေဖြင့် စွဲယူထားသော အတ္တဒိဋ္ဌိကိုပယ်နိုင်ပြီး ဒိဋ္ဌိချုပ်ရာ (နိရောဓ)ဆိုက် သည်အထိ မဂ္ဂင်တရားတို့ကို နှလုံးသွင်း ပွားများအားထုတ်နိုင်ကြ ပေမည်။

**“ အနတ္တထင်မြင်ခြင်း၏အကျိုးအာနိသင် ”**

(လယ်တီ - အနတ္တဒီပနီ)

အနတ္တကောင်းကောင်းထင်မြင်နိုင်လျှင် အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ

အကြွင်းမဲ့ချုပ်ငြိမ်းသော သောတာပတ္တိမဂ်ဉာဏ်သို့ရောက်၏။ သောတာပန် အရိယာပုဂ္ဂိုလ်အဖြစ်သို့ရောက်၏။ စိတ်သန္တန်၌ (အတ္တဒိဋ္ဌိ၏ကင်းငြိမ်း ခြင်းသည် သဥပါဒိသေသနိဗ္ဗာန်) ချမ်းသာကြီးပင်ဖြစ်လေသည်။

## " အနတ္တဝိဘာဝနာနိဿယ"

"အနတ္တာ အသာရကဋ္ဌေနာတိဧတ္ထ" ဟူသော စကား၏အနက်၌ သတ္တဝါ၏အတ္တသည် သတ္တဝါ၏ ကိုယ်ထည် အနှစ်အမာမျိုး မဟုတ်သည်၏ အဖြစ်ကြောင့် အနတ္တမည်၏။ ဥပမာ- ရုပ်တရားအစုသည် သတ္တဝါ၏ အမာခံ ကိုယ်ထည် မဟုတ်၊ မမြဲ ပျက်၍နေ၏။ ဤကား (အခိုင်အမာ အနှစ် သာရ) မရှိသော (အနတ္တာ အသာရကဋ္ဌေန) ဟူသော ပုဒ်၏အနက်ဖြစ်၏။

## "ပုဂ္ဂိုလ် သတ္တဝါ စိစစ်ပြဆိုချက်"

လောက၌ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ရှိ၏လောဟု မေးရာ၏။ ရှိ၏ဆို ခဲ့သော် ရူပကာယ၊ နာမကာယမှတစ်ပါး ပြစရာမရှိပါ။ ရူပကာယ၊ နာမ ကာယကို ပုဂ္ဂိုလ်သတ္တဝါပြု၍ ပြခြင်းဖြစ်လေ၏။ အတ္တပြု၍ ပြခြင်းဖြစ်လေ၏။

## "အတ္တ (သို့မဟုတ်) ကိုယ်"

မြေနှင့်ပြုလုပ်သောခွက်၌ မြေသည် ခွက်၏(အနှစ်အသား)ဖြစ်၍ ခွက်၏အတ္တမည်၏။ ကိုယ်မည်၏။ ထို့အတူ သတ္တဝါတွင် ခက်မာမှု (ရုပ်) တရားသာလျှင် အနှစ်အသားရှိ၏။ ခံစားမှု (ဝေဒနာ)သာလျှင် အနှစ်အသား ရှိ၏။ မှတ်သားမှု (သညာ)သာလျှင် အနှစ်အသားရှိ၏။ စေ့စော်မှု (သင်္ခါရ) သာလျှင် အနှစ်အသားရှိ၏။ သိမှု (ဝိညာဏ်)သာလျှင် အနှစ်အသားရှိ၏။ ဤသို့ဖြင့် ငါးပါးသော ခန္ဓာတရားတို့သည် သတ္တဝါ၏ အတ္တ (ဝါ)ကိုယ် မည် ကုန်၏။ ထိုခန္ဓာ (၅)ပါးတို့သည် (သတ္တဝါတို့၏ အနှစ်သာရ အတ္တကိုယ် ထည်) ဖြစ်ပေရကား ခန္ဓာငါးပါးတို့ မချုပ်မပျက်ကုန်သမျှ ကာလပတ်လုံး

သတ္တဝါတို့ အသက်ရှည်ကြကုန်၏ဟု အထင်အမြင် စွဲလမ်းမှုသည် အတ္တဒိဋ္ဌိမည်၏။ သက္ကာယဒိဋ္ဌိမည်၏။

သတ္တဝါသည် မွေးဖွားပြီးသည်မှ (၁၀)နှစ်၊ (၁၅)နှစ်ရှိပြီ၊ ငါ၏ အသက် (၄၀)၊ (၅၀) ရှိပြီ စသည်ဖြင့် အမှန်တကယ် ထင်မှတ်ပြောဆို နေမှုသည် အတ္တဒိဋ္ဌိ၊ ဇီဝဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့ပင် ဖြစ်ကြသည်။ (ခန္ဓာငါးပါး)ကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျာ်း၊ မိန်းမဟူ၍ အယူမှား၊ အမြင်မှား (စွဲလမ်းမှု)တည်း။

ကိုယ်ခန္ဓာ၌ ခက်မာမှု ပထဝီသည် တည်ရာ အမာခံဖြစ်၏။ တစ်နေ့ တည်း၌ပင် (ဣရိယာပုဒ်)ပြောင်းလဲတိုင်း (ခက်မာမှုပထဝီ) တို့သည် ပြောင်းလဲ ချုပ်ပြောက်နေသည်ကို သိမြင်ကြကုန်၏။ ဣရိယာပုဒ်ပြောင်းတိုင်း တည်တံ့ခိုင်မြဲနေသော ခက်မာမှုပထဝီသည် တစ်ခုမျှမရှိသည်ကို သိမြင် ကြကုန်၏။ ဤသို့ဖြင့် ပုဂ္ဂိုလ် သတ္တဝါ၊ အတ္တ ဇီဝ မရှိမှုသည် ထင်ရှားလတ့်။ ဤသို့ အမြင်သည်ကား (သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ) အမြင်တည်း။

## " အနတ္တ "

အနတ္တ၏အဓိပ္ပါယ်မှာ န အတ္တာ - အနတ္တာ ဖြစ်၏။ အတ္တ မဟုတ် သောကြောင့် အနတ္တဖြစ်၏။ အနတ္တ အနက် လေးချက်ရှိ၏။

(၁) အနှစ် မရှိသောကြောင့် အနတ္တ

(၂) အလို မလိုက်သောကြောင့် အနတ္တ

(၃) အစိုးမရသောကြောင့် အနတ္တ

(၄) ငါ့ကိုယ်၊ သူ့ကိုယ် မဟုတ်သောကြောင့် အနတ္တ

ဤသို့ အနတ္တအနေဖြင့် အနက်လေးချက်လာသော်လည်း အကြောင်းတရားအပေါ်တွင်သာ အခြေခံကြသည်ကို အောက်ပါအတိုင်း

သိနိုင်လေသည်။ ခန္ဓာတွင် ရုပ်တရား နာမ်တရားတို့၏ အမှုငါးခုရှိ၏။

(၁) ဖြစ်ပေါ်မှု

(၂) တည်မှု

(၃) တိုးပွားမှု

(၄) ဆုတ်ယုတ်မှု

(၅) ပျောက်ကွယ်မှု

ဤအမှုငါးခုသည် ပုဂ္ဂိုလ်အလိုနှင့် ဆိုင်သော အမှုမဟုတ်၊ အကြောင်းတရားတို့နှင့်သာ သက်ဆိုင်သော ကိစ္စဖြစ်သည်။

(၁) ဖြစ်ပေါ်မှုကိစ္စတွင် မိမိကိုယ်ကို အေးစေလိုသော် မိမိအလိုအရ အေးလို့မရပါ။ လေအေးကိုပေးမှသာ အေးရုပ် အေးနာမ်တို့ ဖြစ်ပေါ်ရ၏။

(၂) တည်မှုကိစ္စတွင် အေးရုပ်အေးနာမ်ကို တည်စေလိုသော် လေအေးကို ဆက်တိုက်ပေးနေမှ အေးမှုသည် တည်နေ၏။

(၃) တိုးပွားမှုကိစ္စတွင် အေးရုပ်အေးနာမ်ကို တိုးပွားစေလိုသော် လေအေး ပေးမှုကို တိုးမြှင့်ပေးရ၏။

(၄) ဆုတ်ယုတ်မှုကိစ္စတွင် အေးရုပ်အေးနာမ်ကို ဆုတ်ယုတ်စေလိုသော် လေအေးပေးမှုကို လျှော့၍ပေးရ၏။

(၅) ပျောက်ကွယ်မှုကိစ္စတွင် အေးရုပ်အေးနာမ်ကို ပျောက်ကွယ်စေလိုသော် လေအေးပေးမှုကို ရပ်တန့်ပေးရ၏။

ဤသို့ဆိုလျှင် ရုပ်နာမ်ဓမ္မတို့၏အမှုကိစ္စ အားလုံးတို့သည် ပုဂ္ဂိုလ်အလိုနှင့်မဆိုင်ပဲ အကြောင်းအားလျော်စွာပင် သူ့သဘော သူဆောင်၍ အသစ်ဖြစ်ပေါ်နေသော အကျိုးတရားတို့သာ ဖြစ်ပါသည်။ သို့သော်လည်း ထိုကဲ့သို့ အကြောင်းအကျိုးဆိုသော အနတ္တသဘာဝကို မမြင်နိုင်သောကြောင့်

အကျိုးတရားအပေါ်တွင် ပုဂ္ဂိုလ်၊ သတ္တဝါအလိုအားဖြင့် အစိုးရတယ်လို့ ထင်မြင်နေခြင်းဖြစ်သည်။ ရုပ်တရား နာမ်တရားတို့၏အမှုကိစ္စသည် ပုဂ္ဂိုလ်အလို ငါ့အလိုနှင့် အစိုးရသော၊ မိမိအလိုအတိုင်းဖြစ်သော အတ္တမဟုတ်ပဲ အကြောင်းတရားနှင့်သာ သက်ဆိုင်သော အမှုကိစ္စဖြစ်သောကြောင့် အနတ္တ မည်လေသည်။ ထို့ကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့၌ ပုဂ္ဂိုလ် အလိုအတိုင်း ဖြစ်စေနိုင်သောအတ္တမရှိဘဲ အာရုံဒွါရဟူသော အကြောင်း တရားတို့နှင့်သာ သက်ဆိုင်သော အနတ္တ သဘာဝသာ ဖြစ်ကြလေကုန်သည်။

## “မဇ္ဈိမပဋိပဒါ နှင့် အနတ္တ”

အစွန်းနှစ်ဖက်သည် အတ္တအမြင်ဖြစ်သည်။ အစွန်းနှစ်ဖက်မှ ရုန်းထွက်သွားသော အလယ်အလတ် လမ်းစဉ်သည် အနတ္တအမြင်ဖြစ်သည်။ ထိုကြောင့် ဘုရားရှင်၏ မဇ္ဈိမပဋိပဒါကျင့်စဉ်သည် အတ္တအမြင်မှ အနတ္တ အမြင်သို့ ပြောင်းပေးခြင်းဖြစ်သည်။ ဥပမာ ဒေသနာတော်၏အနှစ်သည် အကုသိုလ်ကိုရှောင်၊ ကုသိုလ်ကိုဆောင်၊ ဖြူအောင်စိတ်ကိုထားဖြစ်သည်။ အကုသိုလ်ကိုရှောင်၍ ကုသိုလ်ကိုဆောင်ခြင်းသည် အကုသိုလ်အစွန်း တစ်ဖက်မှ ရုန်းထွက်ခြင်းဖြစ်၍ ကုသိုလ်ကို ငါ့ဥစ္စာအနေဖြင့် စွဲယူခြင်းသည် အစွန်း တစ်ဖက်သို့ ကပ်ခြင်း ဖြစ်သည်။ ထိုအစွန်းမှ ရုန်းရာတွင် ကုသိုလ်ကို ဥပါဒါန်ဖြင့် ငါ့ကုသိုလ်လို့ မစွဲယူပဲ စိတ်ကို ဖြူအောင်ထားရခြင်း ဖြစ်သည်။ ထိုသို့ဖြင့် အတ္တအစွန်းနှစ်ဖက်မှ ရုန်းထွက်ခြင်းသည် အနတ္တဖြစ်၍ မဇ္ဈိမ ပဋိပဒါလမ်းစဉ်လည်း ဖြစ်လေသည်။

## “မဇ္ဈိမပဋိပဒါ နှင့် ပဋိစ္စသမုပ္ပါဒ်”

အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို တရားအားထုတ်သူ တော်တော်များများ သိကြပါသည်။ ၄င်းသည် ပုဂ္ဂိုလ်၊

သတ္တဝါ အတ္တအစွန်းတစ်ဖက်မှ ရုန်းထွက်ခြင်းဖြစ်သည်။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ငါ၊ သူတစ်ပါး မဟုတ်ပဲ ရုပ်နာမ် အကြောင်းအကျိုး ဓမ္မသဘောမျှသာဖြစ်သည်။ သို့သော် ရုပ်နာမ်ကို ဓမ္မအတ္တအနေဖြင့် စွဲယူသိမ်းပိုက် ပြန်သည်။ ထိုဓမ္မအတ္တအစွန်းမှ ရုန်းထွက်ရန် အကြောင်းတရားတို့ပြည့်စုံပါက အကျိုးတရားသည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်ဖြစ်ပေါ်လာပြီး အကြောင်းချုပ်ပါက အကျိုးလည်း ချုပ်ပျောက်သည်ကို အနတ္တအမြင်ဖြင့် သိမြင်ရပေမည်။ ထိုအခါမှ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို ဖြစ်စဉ်(အနုလုံ) ချုပ်စဉ်(ပဋိလုံ)သိမြင်၍ မဇ္ဈိမပဋိပဒါအမြင်ဖြင့် ဝိပဿနာအလုပ်ကို ပွားများအားထုတ်နိုင်ပေမည်။

## " ပဋိစ္စသမုပ္ပါဒ်ဉာဏ်" (လယ်တီ -အနတ္တဒီပနီ)

အတွင်းရုပ်နှင့် အပြင်ရုပ် နှစ်ပါးတို့ ထိခိုက်မှုကို အစွဲပြု၍ စိတ်ဖြစ်ပေါ်မှုကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ဆို၏။ မထိခိုက်မီ (ရှေ့အဖို့၌)လည်း စိတ်သည် ရှိနေသည်မဟုတ်၊ (ထိခိုက်ဆဲ ခဏမှာမှ ဖြစ်ပေါ်လာမှု သက်သက်သာ) တည်းဟု သိသောဉာဏ်ကို (ပဋိစ္စသမုပ္ပါဒ်ဉာဏ်)ဟုခေါ်၏။ ဥပမာ-မီးခတ်နှင့်ကျောက် ထိခိုက်မိသောအခါ မီးပွင့်ဖြစ်ရာ၌ ထိုမီးပွင့်သည် မီးခတ်ထဲမှာလည်း ရှိနေသည်မဟုတ်၊ ကျောက်ခဲထဲမှာလည်း ရှိနေသည်မဟုတ်၊ ထိခိုက်ဆဲ ခဏမှာသာ ဖြစ်ပေါ်လာသော (အာဂန္တုဓမ္မ သက်သက်)သာဖြစ်၏။ ဝတ္ထုခြင်း ထိခိုက်မိ၍ (အသံဓါတ်)ဖြစ်ပေါ်ရာ၌လည်း အသံဓါတ်သည် (အာဂန္တုဓမ္မ သက်သက်) မျှသာဖြစ်၏။

## " ဝေဒနာ၏ပဋိစ္စသမုပ္ပါဒ် "

အထက်ပါ ဥပမာများနှင့်တကွ ဝိညာဏ်၌ပြဆိုခဲ့သည့်အတိုင်း ဖဿဓါတ်၏ထိခိုက်မှုကြောင့် ခံစားမှုဝေဒနာသည်လည်း (အာဂန္တုဓမ္မသက်သက်)

မျှသာ ဖြစ်ပေါ်နေသော ပဋိစ္စသမုပ္ပါဒ်ဖြစ်၏။ ထိုသို့ (ပဋိစ္စသမုပ္ပါဒ်) အချက်ကို ပိုင်ပိုင်မြင်နိုင်မှ (အနိစ္စ၊ အနတ္တ) လက္ခဏာကို ပိုင်ပိုင် ထင်မြင်နိုင်လေသည်။

## "ပဋိစ္စသမုပ္ပါဒ်မှု မြင်အောင်ရှု"

ဝေဒနာ၏ (အာဂန္တုဓမ္မ ပဋိစ္စသမုပ္ပါဒ်)အချက်ကို ပိုင်ပိုင်မြင်သော အခါ နဂိုကတည်းက ကိုယ့်သန္တာန်မှာရှိ၍နေသော ဓမ္မမျိုးမဟုတ်၊ (ယခုမှ) တိုက်ခိုက်မှုကို အစွဲပြု၍ (ဖြစ်ပေါ်လာသောဓမ္မ)ကို ဉာဏ်၌ ဒိဋ္ဌပစ္စက္ခ သိမြင်ရသဖြင့် ကိုယ်ခန္ဓာမှာ ထာဝရရှိနေသော (နိစ္စဓမ္မ၊ အနှစ်သာရ အတ္တဓမ္မ) မဟုတ်ကြောင်းသည် ထင်ရှားလာလေသတည်း။ ပူမှု၊ အေးမှု၊ ကိုက်မှု၊ ခဲမှု၊ နာမှု၊ ကျင်မှုအစရှိသည့် (ဝေဒနာ၏ပဋိစ္စသမုပ္ပါဒ်)ကို ပိုင်ပိုင်နိုင်နိုင် မြင်အောင် ထင်အောင် ဆင်ခြင်၍ကြည့်ပါလေ။

## "သောမနဿဝေဒနာ၏ပဋိစ္စသမုပ္ပါဒ်"

မိမိနှစ်သက်သော အဆင်းသဏ္ဌာန်ကို တွေ့မြင်ရ၍ ထိုအာရုံသည် မျက်စိ၌၄င်း၊ မနော၌၄င်း၊ (တစ်ပြိုင်နက် တစ်ချက်တည်း) ထိခိုက်၏။

ဥပမာ- လဝန်းသဏ္ဌာန်ကိုမြင်ရာ လဝန်းသဏ္ဌာန်အရိပ်သည် မျက်စိ၌၄င်း၊ မနော၌၄င်း (တစ်ပြိုင်နက် တစ်ချက်တည်း)ပေါ်၏။ မနော၌ သောမနဿစိတ်တို့သည် ဖွေးခနဲ မစဲဖြစ်ပေါ်ကုန်၏။ ထို (ဇောစိတ်)တို့၏ အဟုန်ကြောင့် ရွှင်လန်းသော (ရုပ်ကလပ်အသစ်)တို့သည် မျက်နှာနှင့် အပြည့် ခဏခြင်း ဖြစ်ပေါ်လာ၏။ ၄င်းကို (အာဂန္တုဓမ္မသဘာဝ)ဟူ၍ မခွဲခြားနိုင်ပဲ ထိုသူရယ်သည်၊ ထိုသူပြုံးသည်ဟူ၍ သိမြင်ကြကုန်၏။ (ပဋိစ္စသမုပ္ပါဒ်သဘော) အနေဖြင့် သိမြင်ကြသည် မဟုတ်ကုန်။

## "ဟုတ်မှန်သောပဋိစ္စသမုပ္ပါဒ်အသိ"

(ပဋိစ္စသမုပ္ပါဒ်)အနေဖြင့် သိမြင်ပုံကား နှစ်သက်သော အဆင်း

သဏ္ဍာန်ကိုမြင်၍ ထိုအဆင်း သဏ္ဍာန်၏ ထိခိုက်မှုကို အစွဲပြု၍ (ကောင်းကင်မှ ကျလာ)သကဲ့သို့ ထိုသူ၏နှလုံးသွေးအတွင်းမှာ -

(၁) မနောဝိညာဏဓါတ်

(၂) မနောသမ္ဖဿဓါတ်

(၃) မနောသမ္ဖဿဇာ သောမနဿဝေဒနာ ဖြစ်ပေါ်လာ၏။

ထိုဓါတ်တို့၏အဟုန်ကြောင့် မျက်နှာတစ်ပြင်လုံး (စိတ္တဇရုပ်သစ်)တို့သည် ဖြစ်ပေါ် ကုန်၏။ ဤသို့ သိခြင်းသည်သာလျှင် ဟုတ်မှန်သည့်အတိုင်း (ပဋိစ္စသမုပ္ပါဒ်)အချက်နှင့် သိခြင်းဖြစ်သည်။ (လယ်တီ -အနတ္တဒီပနီ)

## "စေတနာ နှင့် အနတ္တ"

စေတနာကို လူတိုင်း နားလည်ကြပါသည်။ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း စသည်တို့ကို စေတနာဟု ကောက်ယူတတ်ကြပါသည်။ စေတနာကို ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် ထိုသူသည် စေတနာ သိပ်ကောင်းတယ်လို့ သိခြင်းဖြစ်ပါသည်။ သို့သော် ပရမတ်နယ်တွင် စေတနာ၏ အဓိပ္ပါယ်သည် ကာယ၊ ဝစီ၊ မနောတို့ဖြင့် စေ့စော်အားထုတ်မှု (ကံ) ဖြစ်ပါသည်။ " စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ "ဟု ဘုရားရှင် ဟောကြား တော်မူခဲ့လေသည်။ ထိုသို့ စေတနာသည် ကံဖြစ်ပါသည်ဟု ဟောကြားတော်မူထားသော်လည်း ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည် စေတနာ၏ တိုက်တွန်းမှု၊ စေ့စော်မှု၊ အားထုတ်မှုကြောင့် ဖြစ်ပေါ်နေရသည်ဟု စေတနာကို မသိမ်းဆည်းတတ်ကြပါ။ ထိုအခါ ပရမတ် စေတနာကို မကောက်တတ် သောကြောင့် စေတနာသည် ငါဖြစ်နေတော့သည်။ ဥပမာ တရားအားထုတ်ချင်သော ဆန္ဒဖြစ်သော်လည်း စေတနာက တိုက်တွန်းမှုမရှိပါက တရားအားထုတ်မှု မဖြစ်ပါ။ သွားချင်သော ဆန္ဒဖြစ်သော်လည်း စေတနာက တိုက်တွန်းမှုမရှိပါက မသွားဖြစ်တော့ပါ။ ထို့ကြောင့် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည်

စေတနာကြောင့် ဖြစ်ပေါ်နေသည်ဟု သိမြင်ပါက စေတနာ (နာမ်တရား)ကို ဉာဏ်ဖြင့် သိမ်းဆည်းနိုင်လေသည်။

ထိုသို့ စေတနာ (နာမ်တရား)ကို ဉာဏ်ဖြင့် ပရမတ်ဆိုက်အောင် သိမ်းဆည်းနိုင်ပါက စေတနာသည် ငါမဟုတ်၊ ငါ၏ဥစ္စာမဟုတ်ဟု ဒိဋ္ဌိ တဏှာဖြင့် စွဲယူမှု မရှိအောင် စေတနာအပေါ်တွင် အနတ္တဆိုက်သည် အထိ နှလုံးသွင်းရပေမည်။ စေတနာသည် အမြဲမရှိပါ၊ အာရုံနှင့် အကြောင်း တိုက်ဆိုင်မှ ဖြစ်ပေါ်ရသော သင်္ခါရတရားမျှသာဖြစ်ပါသည်။ အကြောင်း ကင်းသည်နှင့် လုံးဝ ကုန်ခမ်း ပျောက်ကွယ်ရလေသည်။ အခိုင်အမာ အနှစ် သာရရှိသော အမြဲရှိနေသော အတ္တတရားမျိုး မဟုတ်ပေ။

ဥပမာ ကြည်ညိုဘွယ်ကောင်းသော ရဟန်းတော်၏ အဆင်းအာရုံ ကြောင့် လှူချင်သော စေတနာဖြစ်ပေါ်ရသည်။ ၎င်းဖြစ်စဉ်တွင် အဆင်း အာရုံသည် ရုပ်တရားဖြစ်၍ စေတနာသည် နာမ်တရားဖြစ်လေသည်။ အဆင်း အာရုံ (ရုပ်)က ကျေးဇူးပြုမှု အကြောင်းကြောင့် စေတနာ (နာမ်)သည် မရှိရာမှ သူသဘောသူဆောင်ကာ အကျိုးတရားအနေဖြင့် အသစ်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထိုစေတနာသည် အာရုံနှင့်အကြောင်းမတိုက်ဆိုင်ခင်ကလည်း ကြိုတင်၍ရှိမနေသလို အကြောင်းကင်းပါကလည်း လုံးဝချုပ်ပျောက်ရလေ သည်။ ပရမတ်နယ်တွင် ရုပ်နာမ်အကြောင်းအကျိုးဆိုသော အနတ္တသဘာဝ သာရှိလေသည်။ ငါ၊ သူတပါး၊ ပုဂ္ဂိုလ်၊ သတ္တဝါပြု၍ရနိုင်သော အခိုင်အမာ အနှစ်သာရသဘောမျိုး မရှိပါ။

ထိုသို့ အာရုံ နှင့် စေတနာတို့၏ ဆက်နွယ်ပုံကို ပရမတ် ဆိုက်အောင် အနတ္တအမြင်ဖြင့် သိမြင်နိုင်ပါက ကျန်ခန္ဓာများဖြစ်သည့် အာရုံနှင့်ဝေဒနာ တို့ကို၎င်း၊ အာရုံနှင့်သညာတို့ကို၎င်း၊ အာရုံနှင့် ဝိညာဏ်တို့ကို၎င်း ပုဂ္ဂိုလ်၊ သတ္တဝါပြု၍ အယူမှားနေသော စွဲလမ်းမှုများ ကင်းပျောက် ချုပ်ငြိမ်းကာ

သမ္မာဒိဋ္ဌိဉာဏ်အမြင် ဖြစ်ပေါ်လာပေမည်။ ထိုသို့ သမ္မာဒိဋ္ဌိ အမြင်ကို ပွါးများခြင်းဖြင့် ဉာဏ်စဉ် အဆင့်ဆင့်မြင့်တက်ကာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြပေမည်။

## "အစွန်း (၂)ပါးမှ လွတ်ခြင်း"

ဓမ္မစကြာတွင် အစွန်တရား (၂)ပါးကို ကာမသုခလ္လိကာနုယောဂ အစွန်း နှင့် အတ္တကိလမထာနုယောဂအစွန်းဟူ၍ ဟောကြားတော်မူခဲ့ ပါသည်။ ကာမဂုဏ်ခံစားခြင်းအစွန်းနှင့် မိမိကိုယ်ကို ညှဉ်းဆဲခြင်းအစွန်းတို့ ဖြစ်ကြပါသည်။ ဝိပဿနာကျင့်စဉ်တွင် အရှုခံ (အာရုံအစွန်း)နှင့် အရှုဉာဏ် (အာရမ္မဏိကအစွန်း) နှစ်ပါးမှလည်း ထမြောက်ရန်လိုလေသည်။ ၎င်း အစွန်းတရား (၂)ပါးသည် အရှုခံတွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအားဖြင့် အယူမှားသော အာရုံကိန်းကိလေသာ နှင့် အရှုဉာဏ်တွင် ငါအနေဖြင့်ယူသော သန္တာန်ကိန်းကိလေသာတို့ ဖြစ်ကြပါသည်။

ဥပမာ မောင်ရွှေဟု ခေါ်သံကြားပါက ပုဂ္ဂိုလ်၊ သတ္တဝါ အနေဖြင့် မယူတော့ပဲ သဒ္ဒါရုံကြောင့် သညာသာဖြစ်ပေါ်၏ဟု သိမြင်ပါက ၎င်းသည် အရှုခံ အာရုံအစွန်းမှ ထခြင်းဖြစ်သည်။ သို့သော် အရှုဉာဏ်သည် ငါအဖြစ်မှ မထမြောက် နိုင်သေးချေ။ အရှုခံတွင် သညာပေါ်သည်ကို သညာဟု အမှန်အတိုင်း သိမြင်ခြင်းသည် အရှုဉာဏ်တွင် သမ္မာဒိဋ္ဌိနှင့်ယှဉ်သော သညာ ပေါ်သောကြောင့်သာ သိရခြင်းဖြစ်သည်။ ထိုကြောင့် အရှုခံသညာ ပေါ်သည်ကို အရှုဉာဏ် နောက်သညာဖြင့် သိခွင့်ရခြင်းဖြစ်လေသည်။ ဤသို့ ရှေ့သညာပေါ်သည်ကို နောက်သညာဖြင့်၎င်း၊ ရှေ့အသိပေါ်သည်ကို နောက် အသိဖြင့်၎င်း သတိဝီရိယကောင်းကောင်းနှင့် အသိလိုက်နိုင်ပါက အရှုခံရော အရှုဉာဏ်ပါ ပုဂ္ဂိုလ်၊ သတ္တဝါအယူမှား အတ္တအမြင်မှ ထမြောက်ပြီး အနတ္တ အမြင်ဖြင့် အစွန်း (၂)ပါးမှလွတ်သော မဇ္ဈိမပဋိပဒါလမ်းပေါ်တွင် ဝိပဿနာ

ပညာဖြင့် လျှောက်လှမ်းနိုင်ပေမည်။

## "ချမ်းသာသုခ"

ချမ်းသာသုခသည် ရုပ်တရား၏ အမည်မဟုတ်၊ နာမ်တရား၏ အမည်သာ ဖြစ်သည်။ နာမ်တရားဟူသည်မှာလည်း အဇ္ဈတ္တနယ်ပယ်သာ ဖြစ်သည်။ ထို့ကြောင့် ချမ်းသာကို ရှာဖွေပါက သုခဝေဒနာကိုသာ တွေ့ပေမည်။ သုခဝေဒနာသည် ကုသိုလ်စိတ်နှင့်ယှဉ်သလို အကုသိုလ်စိတ်နှင့်လည်း ယှဉ်ပါသည်။ ထို့ကြောင့် ချမ်းသာသုခတိုင်းကို စစ်မှန်သော ချမ်းသာအဖြစ် မသတ်မှတ်နိုင်ပါ။ (လောကချမ်းသာဟူသည် ကုသိုလ် အကုသိုလ်တို့နှင့် ယှဉ်သော သုခဝေဒနာ၏အမည်)သာ ဖြစ်လေသည်။ ဗုဒ္ဓဒေသနာအရ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုသော ငါ ငါ့ဥစ္စာ ငါ၏အတ္တတို့ဖြင့် ပြင်းစွာ စွဲယူခြင်းတို့သည် ဆင်းရဲခြင်း၏ အကြောင်းရင်းများ ဖြစ်ကြပါသည်။ ၎င်းတို့များလျှင် ဆင်းရဲများ၍ ၎င်းတို့ပါးလျှင် ဆင်းရဲနည်းပါသည်။ ၎င်းတို့ လုံးလုံးမရှိမှသာ ချမ်းသာစစ် ချမ်းသာမှန် ဖြစ်လေသည်။ ၎င်းချမ်းသာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဟု ခေါ်ဆိုခြင်းဖြစ်သည်။

## "ဝိဘဇ္ဇဝါဒ"

(ဦးရွှေအောင် - အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်)

ဝိဘဇ္ဇဝါဒသည် ဗုဒ္ဓဝါဒဖြစ်သည်။ ကြောင်းကျိုးဆက်သွယ်မှုကို ခွဲခြား၍ ယူသောဝါဒဖြစ်သည်။ အမှန်အားဖြင့် ဝိဘဇ္ဇဝါဒဟူသည် ပဋိစ္စသမုပ္ပါဒ်ပင် ဖြစ်ပါသည်။ လောကနှင့် လောကရှိ အရာဝတ္ထုမှန်သမျှသည် အကြောင်းအကျိုးဆက်သွယ်မှုကြောင့်သာ ဖြစ်ပေါ်ကြရသည်။ ထိုသို့ ဖြစ်ပေါ်ရာတွင် အကြောင်းနှင့် အကျိုးသည် သဘောအားဖြင့် သီးခြားစီ ဖြစ်၏။ သန္တာန်အားဖြင့်မူ တစ်ခုတည်းဖြစ်၏။ သို့သော် အကျိုးတရားအပေါ်ကို အကြောင်းတရားသည် မိမိအလိုအတိုင်း ဖြစ်စေအံ့ဟူသော အစိုးရမှု ပုဂ္ဂလ

ဗျာပါရသဘောသည်မရှိ။ ဓမ္မသဘော သက်သက်သာရှိ၏။ ဓမ္မသဘော တွင်လည်း အကြောင်းတရားနှင့် လိုက်လျောညီထွေရှိသည့် သဘော တရားမျိုးသာဖြစ်သည်။

ထိုကြောင့် အကြောင်းအကျိုးဆက်သွယ်မှုတွင် အချင်းချင်း သန္တာန်တူမှုကို 'ဧကတ္တ'၊ အချင်းချင်း သဘောလက္ခဏာခြားနားမှုကို 'နာနတ္တ'၊ ဓမ္မသဘာဝအလျှောက်ဖြစ်ပေါ်မှုကို 'အဗျာပါရ'၊ အကြောင်းအား လျော်စွာ ဖြစ်ပေါ်မှုကို 'ဧဝံဓမ္မတာ'ဟု ခေါ်လေသည်။ ဝိဘင်္ဂဝါဒသည် 'ဧကတ္တ'၊ 'နာနတ္တ'၊ 'အဗျာပါရ'၊ 'ဧဝံဓမ္မတာ'ဟူသော အင်္ဂါလေးရပ်နှင့် ပြည့်စုံရ၏။

## "အနတ္တရောင်ခြည်တော်"

(ဖားအောက်ဆရာတော်ကြီး - နိဗ္ဗာနဂါမိနိပဋိပဒါ)

အနတ္တလက္ခဏာကို ပညတ်တင်၍ဟောကြားပြသခြင်းသည်ကား သဗ္ဗညုသမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ အရာသာဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်သည် အနတ္တလက္ခဏာကို ဟောကြားပြသတော်မူသည်ရှိသော် အနိစ္စလက္ခဏာဖြင့်သော်၎င်း ဒုက္ခလက္ခဏာဖြင့်သော်၎င်း အနိစ္စဒုက္ခလက္ခဏာ နှစ်မျိုးဖြင့်သော်၎င်း ထင်ရှားပြ၍ ဟောတော်မူ၏။

အနတ္တလက္ခဏာသည် အသီးသီးသော ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာခြင်းပြု၍ နှလုံးမသွင်းခြင်းကြောင့် ပရမတ် ရုပ်နာမ်အစစ်ကို သဘာဝသတ္တိ၊ သဘာဝလက္ခဏာသို့ ဆိုက်အောင် မသိမြင်နိုင်ပေ။ ထိုအခါ ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟူသော ရုပ်ဃန၊ နာမ်ဃန ဖုံးလွှမ်းသည် ဖြစ်သောကြောင့် အနတ္တလက္ခဏာသည် ဉာဏ်တွင် မထင်ရှားခြင်းဖြစ်သည်။ ရုပ်ဃန၊ နာမ်ဃန အတုံးအခဲတို့ကို ဉာဏ်ဖြင့် ခွဲခြမ်း စိတ်ဖြာခြင်း ပြုနိုင်ခဲ့သော် အနတ္တလက္ခဏာ အနတ္တဉာဏ်အမြင် အနတ္တ ရောင်ခြည်တော်သည် ဟုတ်မှန်တိုင်းသော မိမိ၏သဘောလက္ခဏာဖြင့်

အသိဉာဏ်တွင် သူ့သဘောအတိုင်း ထင်ရှား ဖြစ်တည်လာပေသည်။

ရုပ်ဃန၊ နာမ်ဃန အတုံးအခဲတို့ကို တစ်လုံးစီ ဉာဏ်ဖြင့်ခွဲခြား စိတ်ဖြာခြင်းဟူသည် သန္တတိဃန (ရုပ်နာမ်အစဉ်)၊ သမူဟဃန (ရုပ်နာမ် အစုအပေါင်း)၊ ကိစ္စဃန (ရုပ်နာမ်တို့၏ဆိုင်ရာလုပ်ငန်း)ဟူသော ရုပ်နာမ် အတုံးအခဲတို့ကို တစ်လုံးစီ ဉာဏ်ဖြင့် ခွဲခြားစိတ်ဖြာခြင်းဖြစ်သည်။ သို့သော် နာမ်တရားသည် အာရုံကိုယူတတ်သောကြောင့် အာရမ္မဏဃနတစ်မျိုး ပိုသဖြင့် နာမ်တွင် ဃနလေးမျိုး ရှိလေသည်။ ၎င်းတို့ကို လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နည်းအားဖြင့် ခါတ်ခွဲနိုင်ရေးအတွက် လိုအပ်သော အရာမှာ ဥပစာရသမာဓိ (သို့မဟုတ်) အပ္ပနာသမာဓိပင် ဖြစ်ပေသည်။

၎င်းဃနတို့ ပြိုလေသောအခါ သင်္ခါရတရားတို့၌ ဖန်ဆင်းရှင် ပရမအတ္တနှင့် အဖန်ဆင်းခံ ဇီဝအတ္တ မရှိမှုကို၎င်း၊ အတ္တ၏အလိုအတိုင်း မဖြစ်မှုကို၎င်း၊ အခိုင်အမာ အနှစ်သာရ မရှိမှု သဘောကို၎င်း၊ ခဏမစဲ ပျက်နေမှုသဘောကို၎င်း ဉာဏ်ဖြင့်တွေ့မြင်ရသောအခါ အတ္တမှ ဆိတ်သုဉ်း ခြင်းကြောင့် အနတ္တ မည်ပေတော့သည်။ ဤသို့ ပရမတ်အမြင် ဆိုက်ပါမှ အနတ္တလက္ခဏာသည် ဟုတ်တိုင်းမှန်စွာ မိမိသဘောလက္ခဏာအားဖြင့် အသိဉာဏ်၌ ထင်ရှားစွာ ဖြစ်ပေါ်လာမည် ဖြစ်ပေသည်။

ဒေါက်တာစိုးလွင် (မန္တလေး)

မှီငြမ်းစာအုပ်များ

၁။ အနတ္တဒီပနီ (လယ်တီဆရာတော်ဘုရားကြီး)
၂။ နိဗ္ဗာနဂါမိနိပဋိပဒါ (ဖားအောက်တောရဆရာတော်ဘုရားကြီး)
၃။ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ် (ဦးရွှေအောင်)
၄။ နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ (အမှတ် ၁၄ ၊ ၂၀၀၆)

ੴ

Go

GJ

69



२१

ი J